
# ကဝိသစ္စာ

## ဗိုလ်တာရာ

( ရဲဘော်သုံးကျိပ် )



mgyoe.com

mgyee.com



# ကဝိသစ္စာ

ဇိုလ်တာရာ

(ရုပ်ဘက်သုံးကျမ်း)

ISBN 9789997114822
BTY5
9 789997 114822
2,700.00KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ဇော်မောင်
၂၀၁၄၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ မှဆိုးစာပေ၏တတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၇၀၀ ကျပ်

၈၀၈ · ၈၃

ကတိသစ္စာ
ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)-ရန်ကုန်၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄။
စာမျက်နှာ ၁၈၁ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ကတိသစ္စာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကတိသစ္စာ

## ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အထူးမေတ္တာရပ်ခံပါရစေ

တောတစ်ပြင်လည်း မြစိမ်းရင့်ရောင် လွှမ်းခြယ်လျက်.....

ရက်ကန်းစင် တောင်ကြောကြီးသည် ထီးထီးမားမား ဝင့်ကြွားကာ တောင်တော်ဦး ဆီသို့ ဦးခိုက်နေတော့သည်။

တစ်ချီတစ်ချီ ခါတွန်သံ၊ ချိုးကူသံများက မြန္မာရေတွင်း တစ်ဝိုက်ဝယ် မြိုင်မင်း၏ ဂီတသံများအဖြစ် ထွက်ပေါ်နေပါသည်။

ရက်ကန်းစင်တောင်တော်ဦး သို့မဟုတ် စမတောင်တော်၏ မြောက်ဘက်စွန်း လှိုတွင်းမှ လည်း ဂျီတစ်ကောင်က မှန်မှန်ဟောက်လျက်....

လေပြည်ကလေး သုတ်သွေးလိုက်တိုင်း စမတောင်မြတ်ပေါ်တွင် ကိန်းဝပ်စံပါယ် တော်မူသော စေတီတော်မြတ်များဆီမှ ဆည်းလည်းသံ တချွင်ချွင်များက မြန္မာရေတွင်း၌ စုဝေးရောက်ရှိနေသော ပါရမီရှင်များကို အချိန်မှတ်ရန် သတိပေးနှိုးဆော်နေသကဲ့သို့ပင်.....

ဥယျာဉ်ကျောင်းအတွင်းမှ ကြေးစည်သံများက ဘယ်သံညာသံများအဖြစ် မြိုင်ဆိုင်စွာ ပေါ်ပေါက်လာသလို ဥယျာဉ်မှူး ဦးသက်ဖေနှင့် ဦးချစ်ပိုတို့ နှစ်ဦးကလည်း တောင်တော်ရှိ ရှင်၊ လူ၊ ရဟန်းများကို ဆက်ကပ်ကျွေးမွေးရန် ယာခင်းစိုက်ပျိုးကွက်မှ ဥယျာဉ်ကျောင်းဆီသို့ ပြန်လာကြသည်။

'ကိုင်း ကျုပ်တို့ကြွနှင့်မယ် ဒကာကြီး၊ ဆွမ်းစားချိန်နီးပြီ'

မိုးညိုဇာတိဖြစ်သော ရဟန်းဒကာ အဖေလူ၏သားကြီးဖြစ်သူ ဦးပဥ္စင်း ဦးဇဏီတက ကျွန်တော်တို့ ပါရမီရှင်များကို နှုတ်ဆက်ကာ တောင်တော်ပေါ်ရှိ ကမ္ဘောဇကျောင်းရှိရာသို့ ကြွသွားသည်တွင် မိုးကုတ်ဦးပဥ္စင်းဦးဝိမလ၊ ဝစီပိတ်ဦးပဥ္စင်းဦးကုသလ၊ ဦးဝေပုလ္လနှင့် ကိုရင်များသည် တစ်တန်းကြီး ရှေ့နောက်စဉ်ကာ ကြွတော်မူလာကြသည်။

mgyoe.com

ဦးပဥ္စင်းလေးပါးကား ထွက်ရပ်လမ်းသို့ကြွပြီးတော်မူသည့် ကျေးရှူးရှင် အဖေလူ ၏ သားကြီးသြရသလေးပါး ဖြစ်တော်မူကြသည်။

နံနက်ကိုးနာရီခွဲမှ ဆယ်နာရီအတွင်း၌ ရေသပ္ပာယ်ရန်အလို့ငှာ အေးမြကြည်လင်သော ဤစမတောင်၏ စနေထောင့်တွင် တည်ရှိနေသည့် မြနန္ဒာရေတွင်းသို့ ကြွရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ရေတွင်းမှ ရေခပ်နေသော ဆရာဦးဘရီက ကျွန်တော့်အား.....

'ရေပြည့်ပြီဗျို့ တက်ကြစို့' သတိပေးလိုက်မှပင် ကျွန်တော်သည် ရီဝေမှုန်ခြယ်နေသော ရက်ကန်းစင်တောင်ကြီးကို ကျွန်တော်သည် ကြည့်ရှုနေရာမှထ၍ နှစ်ယောက်သား ထမ်းပိုးကိုယ်စီဖြင့် ရှေ့နောက် ရေပုံးများကိုထမ်းလျက် တောင်မပေါ်သို့ ပြန်လည်တက်ခဲ့ကြသည်။

လှမ်းလိုက်တိုင်း သရဏဂုံသုံးပါးကို နှလုံးသွင်းကာ မောရမှန်းမသိရအောင် တောင်တက်လမ်းကလေးအတိုင်း ဖိ၍တက်ခဲ့ကြသည်။

တောင်တက်လမ်းကလေးကား တောင်နံရံကမ္ဘားများကို ဖြတ်ကာ လှီးကာ ဖောက်လုပ်ထားခဲ့သော လူသွားလမ်းကလေးဖြစ်ပြီး ကွေ့ချည်ကောက်ချည်၊ မြင့်ချည် နိမ့်ချည် တက်နေရသလို လမ်းဘေးတစ်ဖက်တစ်ချက်က ဝါးရုံပင်များ၊ အင်ပင်များ၊ ဂမုန်းပင်များ ရောနှောကာ သဘာဝအတိုင်း ပေါက်ရောက်နေသဖြင့် အရိပ်အာဝါသကောင်းလှသလို မျက်စိပသာဒအဖို့လည်း တကယ်ပင် အေးမြကြည်လင်နေစေ၏။

ထမ်းနေကျမဟုတ်၍ ကျွန်တော်ဆရာနှင့် ဦးဘရီအဖို့ ထမ်းရသယ်ရသည်မှာ အတော်ပင်ပန်းသယောင်ပင် ကွေ့ကာကောက်တက်ကာနေရသော တောင်တက်လမ်းကလေးကို ကျွန်တော်က ဝင်္ကဘာလမ်းဟူ၍ နာမည်ပေးမိခဲ့၏။ မှန်ပေသည်။ ဂေါတမအလောင်း ဝေဿန္တရာမင်းကြီးသည် နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ကာ မဒ္ဒီဒေဝီနှင့် သားသမီးနှစ်ယောက်ကို လက်ဆွဲ၍ ဟိမဝန္တာတောင်သို့ တောထွက်ခဲ့ပြီး ဈာန်အဘိညာဉ်ကိုထပ်သလို ကိလေသာတို့ကို ဖြတ်ခဲ့ပေ၏။

ယခုလည်း ဘုရား၏ တပည့်တော်၊ သားတော်များ ကာမကိလေသာကို သတ်ရန် အလို့ငှာ စမတောင်တော်သို့ ရောက်ခဲ့ရပေ၏။

စမတောင်တော်ကား ဆုကြီးပန်တို့ စုဝေးရာဌာနဖြစ်သည်ဟူ၍ ကျေးရှူးရှင် 'လေးကြိုးကိုင်' ဆရာသခင်အဖေနွဲ့နှင့် ကျေးရှူးရှင် အဖေလူတို့က အမိန့်ရှိပေ၏။

အကျယ်ချဲ့၍ ဖော်ပြရလျှင် ဆုကြီးပန်ပုဂ္ဂိုလ်တို့ မည်သည် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို မနားမနေ ဖြည့်နေရပေ၏။

mgyoe.com

mgyoe.com

စမတောင်တော်သို့ လာရောက်၍ တရားအားထုတ်ခြင်းသည်ပင်လျှင် ပါရမီဆယ်ပါးတို့ကို အချိန်အခါမရွေး ဖြည့်တင်းနိုင်သည်မှာ ပါရမီရှင်တိုင်း သိနေပါသည်။

ဥပမာ– ရပ်ဝေး ရပ်နီးက ပုဂ္ဂိုလ်များသည် သာဝတ္ထိမြို့ အနောက်ဘက် အလယ်ရိုးမ၏ အရှေ့ဘက်ဆုံး တောင်ထွတ်တောင်တော်ဦး၌ တည်ရှိကိန်းဝပ်နေသော စမတောင်တော်သို့ သွားရောက်ကာ တရားအားထုတ်မည်ဟု ဆုံးဖြတ်ကြိုးပမ်းလိုက်တိုင်း ရှေးဦးစွာ အဓိဋ္ဌာန် ပါရမီကို ရရှိနိုင်စေ၏။ ရထား၊ လှည်း၊ ခြေကျင် စသည်ဖြင့် ကြပ်ကြပ်တည်းတည်း ပင်ပင်ပန်းပန်း ခရီးသွားလာခဲ့ရခြင်း အခက်အခဲပြဿနာများကို ကျော်လွှားကာ တောင်တော်အရောက် ခရီးထွက်ခဲ့ရခြင်းဖြင့်လည်း ခန္တီပါရမီကို ဖြည့်စွက်စေ၏။ တောင်တော်ပေါ်သို့ ရောက်သည့်အခါ၌ ကိုးပါးသီလကိုယူကြခြင်းနှင့် သက်သတ်လွတ် စားသောက်သုံးဆောင်ရခြင်း၊ မေတ္တာဘာဝနာ ပွါးများရခြင်းတို့ကြောင့် သီလပါရမီ၊ မေတ္တာပါရမီတို့မှာ အလိုလိုရရှိသွား၏။ မိမိသားမယား၊ အိုးအိမ်ကို ကာလအပိုင်းအခြားအရ စွန့်ပစ်ကာ တောရကျောင်းလည်းဖြစ်သော စမတောင်တော်သို့ ကြွရောက်တရားကျင့်ခြင်းဖြင့်လည်း တောထွက်ခြင်း၊ နိက္ခမပါရမီကို ရရှိစေခဲ့၏။ တောင်တော်ပေါ်တွင် တရားကျင့်ခြင်း လောကီ လောကုတ္တရာ ပညာပါရမီ ဝီရိယပါရမီ အသီးသီးလည်း ပေါ်ထွက်လာပြန်ပါသည်။

မပေး၊ မရောင်း၊ မဝယ်၊ ဤစကားသုံးပါး ထင်ရှားသော စမတောင်တော် ပေါ်ဝယ် ယခင်ကတစ်ဦးနှင့်တစ်ဦး မသိကြ၊ မတွေ့ဖူးကြသော်လည်း အကျိုးအကြောင်း ပါရမီတို့ကြောင့် တရားရှင်အချင်းချင်း၊ ပါရမီရှင်အချင်းချင်း ဆုံမိကြသောအခါတွင် တစ်ဦးနှင့် တစ်ဦး မေတ္တာဗြဟ္မစိုရ်တရားလေးပါးကို ရှေ့ကထားလျက် ဆေးပေးမီးယူ ကူညီကြခြင်းနှင့် တစ်ဦးက အဖိုးအခမယူဘဲ၊ မဝယ်ဘဲပေးကမ်းလှူဒါန်းကြခြင်းတို့ကြောင့် ဒါနပါရမီလည်း အလိုလို ပြည့်ခဲ့ကြသည်။

အထူးသဖြင့် စမတောင်တော်ပေါ်တွင် ရောက်ရှိလာကြသည့် ပါရမီရှင်များ၊ ပါရမီရှင်ကောင်းများသည် ဖိုမစိတ်၊ လိင်စိတ် လုံးဝမထားကြ။ မောင်နှင့်နှမ၊ သားနှင့်အမိ၊ တူနှင့် အဒေါ် စသည်ဖြင့် ဆွေမျိုးသားချင်း စိတ်ဓာတ်ထားကြပြီး ကိုယ့်စေတနာ ကိုယ့်စိတ်ဓာတ် အရ ရေခပ်ခြင်း၊ ထင်းပေါက်ခြင်း၊ တံမြက်ခတ်ခြင်း ဝေယျာဝစ္စ ကုသိုလ်များကို ပါဝင် လုပ်ဆောင်နေကြပေ၏။ အသက်ခြောက်နှစ်က လေးနှစ်အရွယ် ကလေးသူငယ်များပင် စမတောင်တော်ပေါ်သို့ ရောက်ရှိခဲ့သည့် ကာလတွင် ထင်းတစ်ချောင်း၊ အုတ်ခဲတစ်လုံး၊ ရေဘူးတစ်ဘူး စသည်တို့ကို ရင်မှာပိုက်ပြီး ဝေယျာဝစ္စကုသိုလ် လုပ်ဆောင်နေကြသည့်ကို ကျွန်တော်မျက်စိဖြင့် တွေ့မြင်နေခဲ့ရပေ၏။

mgyoe.com

mgyoe.com

အရွယ်နုပျိုသော ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် လုလင်ပျိုများ၊ လုံမငယ်များအနေနှင့်လည်း လက်တွင်စိပ်ပုတီးကိုင်ကာ သိမ်သိမ်မွေ့မွေ့နှင့် သစ်ပင်ရိပ်၊ ကျောင်းရိပ်တို့ အောက်တွင် ပုတီးစိပ်ခြင်း၊ မေတ္တာပို့သခြင်း လုပ်ငန်းများကို လုပ်ဆောင်နေကြပေသည်။

ကျွန်တော်သည် ဆရာဦးဘရီနှင့် ရှေ့နောက်ဝင်္ကပါလမ်းမှ စားဖိုဆောင်ဆီသို့ တက်ခဲ့ကြသည်။ သုဓမ္မာဇရပ်အနီးသို့ ရောက်ခဲ့သည်တွင် တောင်တော်သို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော မျက်နှာစိမ်းပုဂ္ဂိုလ်များကို တွေ့လိုက်ရသလို –

"ဟောဒီက တောင်ကြီး ဘုရားဖူးတွေက ဗိုလ်မှူးကို တွေ့ချင်လို့တဲ့..."

ဦးမှတ်ကြီးက လှမ်းပြောလိုက်သည်ကြောင့်....

"ဟုတ်ကဲ့ မကြာခင်တွေ့နိုင်ပါတယ်ခင်ဗျာ"

ကျွန်တော်က ပြောကြားလိုက်ရာ ရေထမ်းပိုး ကိုယ်စီဖြင့် ကျွန်တော်တို့နှစ်ယောက်ကို အံ့အားသင့်နေသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။ အဓိပ္ပာယ်မှာ စမတောင်တော်၏ တစ်ဦးဖြစ်သော ကျွန်တော်တို့ကိုယ်တိုင် ရေထမ်းနေကြခြင်းကြောင့်ဖြစ်သည်။ ကျွန်တော်တို့နှစ်ဦးက ရေတစ်ပုံးစီကို မီးဖိုတွင် သုံးရေပေပါထဲသို့ ထည့်ချလိုက်ပြီး ကျန်ရေနှစ်ပုံးလုံးကို ကျွန်တော်တို့ ရှေ့နောက်ထမ်းကာ ဘုရားဝိုင်းတွင် ရေတစ်ပုံးလှူပြီး ကျန်ရေတစ်ပုံးကို 'လေးကြိုးကိုင်'ကျောင်းအောက်ရှိ အများသုံးရေအိုးတွင် ထည့်သွင်းလှူဒါန်းလိုက်ကြသည်။

အဝတ်အစားလဲပြီး နှစ်ယောက်သား သုဓမ္မာဇရပ်ဆီသို့ ထွက်လာခဲ့ကြသည်တွင် စမတောင်တော်၏ နာယကဆရာတော်ကြီးဖြစ်သော ကျွန်တော်၏နောင်တော်ကြီး ဦးကဝိန္ဒကလှမ်း၍....

"ဟေ့ ညီတော်၊ မင်းကိုတွေ့ချင်လို့တဲ့။ ကမ္ဘောဇကပုဂ္ဂိုလ်တွေကွ၊ လာပြီး နှုတ်ဆက်ပါဦး"

လှမ်း၍ခေါ်လိုက်သည်ကြောင့် ကျွန်တော်တို့ ဆရာတော် ရှေ့မှောက်သို့ သွားရောက်ကာ ဝတ်ပြုပြီး ပရိသတ်အစိတ်ကျော်ခန့်ရှိ ရှမ်းအမျိုးသားများကို နှုတ်ဆက်လိုက်ရပေ၏။

"အိုး.... ဗိုလ်မှူးရေးတဲ့စာအုပ်ကို စစ်ကိုင်းအထိ လိုက်ရှာရတယ်။ တစ်အုပ်ကို နှစ်ဆယ်ပေးရတယ်လေ...၊ အားကြီးတန်ဖိုးရှိတဲ့စာအုပ်ပါ"

ကျွန်တော့်ကို ရှမ်းအကြီးအကဲတစ်ဦးက နှုတ်ဆက်ရင်း ကတိသစ္စာ စာအုပ်တစ်အုပ်ကို တန်ဖိုးနှစ်ဆယ်ကျပ်ပေး၍ ဝယ်ယူခဲ့ရကြောင်းကို ပြောလိုက်သည်။

ခက်ချေပြီတကား၊ မူလရောင်းဈေး ကတိသစ္စာ စာအုပ်တစ်အုပ်ကို သုံးကျပ်၊ ယခု ရှားရှားပါးပါးလိုက်၍ ဝယ်ရသောဈေးနှုန်းမှာ နှစ်ဆယ်ကျပ်၊ အင်မတန် တရားလွန်သော

mgyoe.com

mgyoe.com

စာအုပ်ဆိုင်ရှင်တွေပါတကား။

ကျွန်တော်လည်း ရှမ်းအမျိုးသားများကို နှုတ်ဆက်ကာ နေရာထိုင်ခင်းအတွက် စီစဉ်ပေးခဲ့ပြီး ထမင်းစားသောက်ရန်အတွက် ဧည့်ခံဇရပ်ဆီသို့ ဆင်းလိုက်ရာတွင် ရန်ကုန်တိုင်းဓမ္မဝိဇ္ဇာတို့၏ နာယကတစ်ဦးဖြစ်သော ဦးကျော်ဇောကို တွေ့လိုက်ရသလို သူနှင့်အတူ မျက်နှာစိမ်းပုဂ္ဂိုလ်ကြီး နှစ်ဦးတို့ကိုပါ တွေ့လိုက်ရပြီး...

"ဟောဒီမှာ ညီမောင်၊ မန္တလေးက ဘုရားဖူးပုဂ္ဂိုလ်တွေက ကတိသစ္စာ စာအုပ်ကို မေးနေတယ်၊ မန္တလေးကစပြီး မြစ်ကြီးနားအထိ ဒီစာအုပ်ကို ရှာမရလို့တဲ့"

ပြောကြားကာ မိတ်ဆက်ပေးလိုက်လေသည်။

ကျွန်တော်ကလည်း အတတ်နိုင်ဆုံး ကြိုးစား၍ ကတိသစ္စာစာအုပ်ကို ထုတ်နိုင်အောင် ပြန်လည်ကြိုးပမ်းပါမည်ဟု ကတိပေးလိုက်ရပေ၏။

အမကြီးဒေါ်နှင်းရီနှင့် ဒေါ်ကြည်နုတို့က ကျွန်တော်တို့အလှည့်အဖြစ် ထမင်းစားရန် ခေါ်လိုက်သောကြောင့် ဆရာဦးဘရီနှင့်အတူ ထမင်းဝိုင်းရှိရာသို့ ဝင်ခဲ့သည်။ ကျွန်တော့်အစ်ကို ဗိုလ်မှူးခင်မောင်နှင့် ဦးဘသော်(သန်လျင်မြို့နယ် တာဝန်ခံဓမ္မဝိဇ္ဇာအဖွဲ့)တို့ကို တွေ့ရပြီး....

"ဟောဒီမှာ ကတိသစ္စာစာအုပ်ကို မေးနေတယ်၊ နတ်တလင်းနဲ့ ပြည်ဘက်က ဘုရားဖူးတွေဗျို့"

ဗိုလ်မှူးခင်မောင်က အခြားထမင်းဝိုင်းများမှ ပုဂ္ဂိုလ်များကို မိတ်ဆက်ပေးလိုက်ရာ အသားဖြူဖြူနှင့် အသက်လေးဆယ်ကျော် ပုဂ္ဂိုလ် တစ်ဦးက....

"ကျွန်တော်တို့ ပြည်ဘက်ကပါ၊ ဗိုလ်မှူးရေးတဲ့ ကတိသစ္စာစာအုပ်ကို ဖတ်ပြီး တန်းလိုက်လာကြတာပဲ၊ အသိ သိပ်နောက်ကျတယ်၊ ကျွန်တော်တို့ အဓိဋ္ဌာန်ဝင်ပြီးမှ ပြန်မယ်" စတင်ပြောဆိုကာ...

"ဗိုလ်မှူးဆီမှာ ကတိသစ္စာစာအုပ်တွေ ရောင်းဖို့ရှိရင် ကျွန်တော်တို့ကို နှစ်ရာလောက်မျှပါ။ ဓမ္မဒါနပြုချင်လို့ပါခင်ဗျာ" တောင်းပန်လိုက်ရာ....

"ကျွန်တော့်ဆီမှာတော့ လက်ခံကော်ပီစာအုပ်တောင် မကျန်ပါဘူးခင်ဗျာ၊ ကြိုးစားပြီး ပြန်ရိုက်ပေးပါမယ်" ပြန်လည်တောင်းပန်လိုက်ရပေ၏။

အခြေအနေများကို ပြန်လည်စဉ်းစား သုံးသပ်ကြည့်ရာတွင် ယနေ့ ကတိသစ္စာစာအုပ်ကိုပြန်ရိုက်ရန် တောင်းဆိုသော စာပေါင်းသုံးရာ ရှစ်ဆယ်ကော်၊ လူကိုယ်တိုင်လာပြီး တိုက်တွန်းပြောဆိုသော နှုတ်စကားများကို များပြားလွန်း၍ မမှတ်ထားနိုင်တော့ပါ။

mgyoe.com

mgyoe.com

ထို့ကြောင့် ကတိသစ္စာစာအုပ်ကို ပြန်ရိုက်ရပေတော့မည်။ လေးလေးနက်နက် တောင်းပန်လိုသည်မှာ စာအုပ်ဆိုင်များကလည်း လောဘကို ရှေ့မရှုဘဲ မတန်ရင်ကန် ကတိသစ္စာကို ဈေးတက်ပြီးမရောင်းကြရန် အထူးမေတ္တာရပ်ခံ လိုက်ရပေ၏။ စာဖတ် ပရိသတ်နှင့် စိတ်ချင်း၊ မနောချင်းတူသူ 'ဓမ္မ' မိတ်ဆွေကလည်း မတန်ရင်ကန် ဈေးတက် မပေးပါနှင့်...။

တရားနှင့် အလောဘကင်းအောင် လုပ်ကိုင်နေသော အချိန်အခါနှင့် ကတိသစ္စာ စာအုပ် အကြောင်းအရင်းကို တစ်ဆိတ်စဉ်းစားကြည့်ကြရန် နိူးဆော်အပ်ပါသည်။

လူကိုယ်တိုင်၊ စာဖြင့်၊ ဖုန်းဖြင့်၊ ကတိသစ္စာစာအုပ်ကို ပြန်လည်ထုတ်ရန်၊ ရိုက်နှိပ်ရန် တောင်းဆို နိူးဆော်ကြသော 'ဓမ္မ' မိတ်ဆွေ၊ ဗုဒ္ဓဝေနေယျအပေါင်းတို့၏ အလိုဆန္ဒတစ်ရပ်ကို လက်တွေ့ ဖြည့်စွမ်းလိုက်ရခြင်းကြောင့် စာရေးသူအဖို့ စိတ်ချမ်းသာမိသည်။ စာရေးသူကဲ့သို့ 'ဓမ္မ'မိတ်ဆွေ ပါရမီဖြည့်ဖက် ဝေနေယျအပေါင်းတို့နှင့် ၃၁ ဘုံ ရုပ်နာမ်နှစ်ပါး ရှိသမျှတို့ကို လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပြီး လောကီလောကုတ္တရာ အကျိုးတရားများ တကယ်ပင်ရရှိအောင် အားထုတ်ဆောင်ရွက်နိုင်ကြပါစေသတည်း။

၃၁– ဘုံအားမေတ္တာဖြင့်
ဗိုလ်မှူးတာရာ (ရဲဘော်သုံးကျိပ်)
၃၁–ဘုံ ဓမ္မဝိဇ္ဇာ ဗုဒ္ဓသာသနာပြုအဖွဲ့
ဗဟိုစခန်း (ငါးမည်ရ) စမတောင်တော်

mgyoe.com

mgyoe.com

ပဥ္စ – ဂုဏ် – နိစ္စ – အဟံ ဝန္ဒာမိ သဗ္ဗဒါ

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

# ကတိသစ္စာ
# အဓိဋ္ဌာန်ခရီးစဉ်

ခရီးထွက်မည့် အစီအစဉ်ကြောင့် တစ်ညလုံး အိပ်မပျော်ခဲ့ပါ။ လူးလဲလိမ့်ကာဖြင့် ကုန်ခဲ့၊ ပြီးမြောက်ခဲ့သော ညကာလကို စောင့်ကြိုကာ စဉ်းစားခန်း အမျိုးမျိုးထုတ်ခဲ့သည်။ ရန်ကုန်မှ ကျွန်တော်နှင့်အတူ အဓိဋ္ဌာန်ခရီးထွက်ကြမည့် ပါရမီရှင်မိတ်ဆွေများ၊ တပည့်များ အတွက် စိတ်စောနေမိသည်။ ကောင်းသော လုပ်ငန်းစဉ်မှန်သမျှသည် အဖျက်အဆီး တစ်ခုခု ရှိစမြဲ ဖြစ်ပါသည်။ ယခု လုပ်ငန်းစဉ် ခရီးထွက်ရခြင်းမှာ ဘာသာရေးခရီးစဉ်၊ သာသနာရေးကိစ္စကို ဦးတည်၍ ခရီးထွက်ရမည်ဖြစ်၍ အဖျက်အဆီးတစ်ခုခုတော့ တွေ့ရ လိမ့်မည် ထင်သည်။ အကြောင်းကား ယခင် ယခင်ကာလများက ဖော်ပြပါ သာသနာရေး အဓိဋ္ဌာန်ခရီးထွက်ရန် ပြင်ဆင်ထားသည့် ကာလ၌ မမျှော်လင့်သော အဖျက်အဆီးတစ်ခုခုက ရုတ်တရက်ပေါ်လာပြီး လက်တွေ့ဖြစ်သောကြောင့်တည်း။

ဥပုသ်စောင့်ရန်နှင့် လှူဒါန်းဖွယ်ရာ ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဝယ်ရခြမ်းရ အလုပ်သည်လည်းကောင်း၊ လိုက်ပါလာကြမည့် ပါရမီရှင် သူတော်စင်များအဖို့ ဆေးဝါးမှ စ၍ သွားလာမှုအဆင်ပြေစေရန် ဆေးဝါးပစ္စည်းများ၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲရှာဖွေ ရသော လုပ်ငန်းများကြောင့်လည်းကောင်း၊ လိုက်ပါကြမည့် တစ်ကြိမ်တစ်ခါမှ မခေါ်ဖူး ကြသည့် ရန်ကုန်နယ်နိမိတ်အတွင်းမှ မိတ်ဆွေများအား အချိန်မီ ရန်ကုန်ဘူတာကြီးသို့ စောင့်ကြရန် နှိုးဆော်ရသည့် တာဝန်များကြောင့် အတော်ကလေး စိတ်ရောကိုယ်ပါ အပင်ပန်းခံပြီး ကြောင့်ကြမှု အရင်းခံသောစိတ်ကြောင့် ကျွန်တော်ပင် အိပ်မပျော်ခဲ့သည့်

mgyoe.com

mgyoe.com
အကြောင်းတစ်ခုလည်း ပါဝင်နေပါသည်။

ကျွန်တော်က အဆင်သင့်ပင် ပတ်ထားသော လက်ပတ်နာရီကို မီးရောင်၌မြ၍ ကြည့်လိုက်ရာ နံနက်သုံးနာရီ မိနစ်နှစ်ဆယ်ကို တွေ့လိုက်ရပေ၏။ အိပ်ရာမှထ၍ ကိုယ်လက်သန့်ရှင်းရန်အချိန် ရောက်နေသည်ကို သတိရ၍ ကျင်သောင်းက အိပ်ရာမှ အသာထထိုင်ရာတွင် ကျွန်တော့်ဇနီးဖြစ်သူ စောဧကရီသည် ကျွန်တော့်အား လေသံဖြင့်.....

"သမီးကြီး ကိုယ်ပူနေတယ်"

ပြောကြားလိုက်ပြီး...

"ကိစ္စမရှိပါဘူး၊ သွားရမယ့် ခရီးကိုသာ ဖြောင့်ဖြောင့်သွားပါ"

တိုက်တွန်းလိုက်သည်။ စောဧကရီသည် ကျွန်တော်တို့ လုပ်ကိုင်နေသော လုပ်ငန်းစဉ်ကို တစိုးတစေ့ ရိပ်မိခဲ့သူဖြစ်သည်။ ဘုရားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းစဉ် စိတ်သဘောကို 'အတွင်းနည်းပရိယာယ်အရ' စမ်းသပ်သော ကိစ္စတစ်ခု ပေါ်ပေါက် တွေ့ရှိရမြဲ ကိစ္စကိုလည်း သူမက လက်ဦးမဆွကပင် သိရှိခဲ့ပုံရပါသည်။

ကျွန်တော်သည် မျက်နှာသစ်ပြီးနောက် အဝတ်အစားလဲလှယ်ကာ ဘုရားခန်းဆီသို့ ထွက်၍ ငါးပါးသီလ ခံယူလိုက်ရပေ၏။ ထိုနေရာမှထ၍ အဓိဋ္ဌာန်ခရီးစဉ်ဖြစ်သော 'တောင်တော်'ပေါ်သို့ တက်ပြီးနောက် ပြန်ဆင်းသည့်နေ့အထိ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ ကျင့်ဆောင်ပါမည်ဟူသော အဓိဋ္ဌာန်သီလခံယူခြင်းပင် ဖြစ်ပါသည်။

ကျွန်တော့်အနေနှင့် ငါးပါးသီလကို ရက်ပိုင်း၊ လပိုင်း၊ အချိန်ပိုင်း၍ ခံယူမြဲ ဖြစ်ခဲ့ပါသည်။ စာရေးသူအဖို့၌ အမှန်အတိုင်း ဝန်ခံရလိမ့်မည်။ သူများအသက်ကို သတ်ဖြတ်ခြင်းကဲ့သို့ အချိန်ပိုင်းအရသာ ဆောက်တည်ခွင့် ဆုံးခဲ့ခြင်းကိုလည်း ဝန်ခံရပေမည်။

နံနက်လင်း၍ လေပြည်သည် တသွင်သွင်ရိုက်ခတ် မြူးတူးနေသလို အရှေ့ပြင်ဆီသို့ ဖျော့တော့တော့ ရောင်ခြည်ဖြူများက ယှက်သန်းစပြုနေပါပြီ။ ကျွန်တော်သည် ကိုယ်အနည်းငယ်ပူနေသော သမီးကြီးရှိရာသို့ ကိုယ်တိုင်သွားရောက် စမ်းသပ်ကြည့်ရှုခဲ့သည်။

ပြောစရာဖြစ်အောင်လည်း သမီးကြီး နီနီဦးမှာ ကိုယ်ပူနေသည်ကို တွေ့ရပေ၏။ သမီးငယ် နိုင်နိုင်ဦးမှာမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတော့သည်။ သားထွေး မောင်မြဟန်မှာလည်း သူ၏အစ်မများအစွန်တွင် အိပ်မောကျနေပါသည်။ သားသမီးသုံးဦး၏ မျက်နှာလေးတွေကိုကြည့်ရင်း ကျွန်တော်သည် အတွေးနယ်ချဲ့ကာ စဉ်းစားခန်းတွေ ဖွင့်နေခဲ့ပါသည်။

သမီးကြီးကား နေမကောင်းချေ။ ကျွန်တော်၏အိမ်တွင် ထိုအချိန်က ကျွန်တော့်
mgyoe.com

mgyoe.com

ဇနီးနှင့် နှမတစ်ဦးသာ ရှိနေပြီး အခြား ကျွန်တော်၏ ရဲဘော်များမှာ အလုပ်ကိစ္စကြောင့်လည်းကောင်း၊ အခါကြီးရက်ကြီး နီးကပ်လာမှုကြောင့် အလည်အပတ်ထွက်နေချိန် ဖြစ်ပါသည်။

တကယ့်အရေးကိစ္စရှိလျှင် ခိုင်းစေရန် ယောကျာ်းအဖော်တစ်ဦးမှ မရှိခြင်းလည်း ကျွန်တော်သွားမည့် ခရီးစဉ်ကို နောက်ဆံတင်းနေစေသော ပြဿနာတစ်ရပ် ဖြစ်စေ၏။ ဆယ်ရက်ကျော် ခရီးကာလကို ကျွန်တော်၏ သားသမီးများနှင့်ခွဲ၍ နှုတ်မဆက်ဘဲ ထွက်သွားရမည့် အခြေအနေမှာလည်း ကျွန်တော်၏ ရင်ထဲ၌ ဝမ်းနည်းကြေကွဲသလိုလို စိတ်ဝေဒနာတစ်ရပ်ကို မသိမသာ ခံစားနေမိတော့သည်။ သို့ရာတွင် ကျွန်တော့်အဖို့ ထိုနေ့တစ်နေ့တွင် 'သာဝတ္ထိ'သို့ ရောက်အောင်လာပါမည်ဟူသော ကျွန်တော်၏ ဆရာတော် အဖေလူသို့ ပေးအပ်ခဲ့သည့် ကတိစကားကို စောင့်သိရိုသေရပေမည်တကား။

မသွား၍မဖြစ်။ မင်းမှာကတိ–လူမှာသစ္စာဆိုသည့်အတိုင်း ကျွန်တော်သည် လက်ရှိကြုံတွေ့နေရသော ပြဿနာရပ်များ အရံအတားများကို ကျော်လွှားကာ မုချမသွေ သွားရောက်ရပေတော့မည်။ ပေးပြီးသော ကတိသစ္စာတစ်လုံးကို အသက်နှင့်လဲ၍ စောင့်သိရိုသေရပေလိမ့်မည်။ ကျွန်တော်သည် ကျွန်တော်၏ ရင်ဆိုင်တွေ့ရှိရသည့် သံယောဇဉ်ပြဿနာမှတစ်ဆင့် ဘုရားရှင်ကိုယ်တော်၏ မျက်နှာတော်ကို တစ်ချက်လှမ်း၍ ဖူးမြော်မိပါသည်။

ကိုယ်တော်မြတ်ကား သုံးဆယ့်တစ်ဘုံ သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ အတုမရှိသော ကြီးမားတော်မူသည့် မဟာကရုဏာဝတ်ကြောင့် တစ်ကိုယ်တည်း ဆေးဆက်ကာ နိဗ္ဗာန်သို့ ကူးနိုင်သည့် ပကတိသာဝကဆုကို စွန့်ပယ်၍ ဒီပင်္ကရာ ဘုရားရှင်ရှေ့တော်မှောက်ဝယ် သုမေဓါရှင်ရသေ့အဖြစ်မှ 'သမ္မာသမ္ဗောဓိ' ဘုရားဆုကြီးကို ရဲဝံ့ပြတ်သားသောအဓိဋ္ဌာန်ဖြင့် လျှောက်ထားဆုချတော်မူခဲ့ပေ၏။ ထိုဘဝနောက်မှစ၍ လေးသင်္ချေ ကမ္ဘာတစ်သိန်း။ ရှစ်သင်္ချေ၊ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေ၊ ကမ္ဘာတစ်သိန်း အတုမရှိသော ပါရမီတော်များကို ဖြည့်စွက်ကာ ဘုရားဆုပန်လိုသည့် ဆန္ဒမွန်ဖြင့် ပါရမီဖြည့်ခဲ့ရပေ၏။

ဂေါတမအလောင်းတော် သခင်ကြီးသည် ဘဝအမျိုးမျိုး ကျင်လည်ရပေ၏။ လူ့ဘဝ၊ နတ်ဘဝသာမက တိရစ္ဆာန်ဘဝမျိုးစုံဖြစ်ကာ သမ္မာသမ္ဗောဓိဆုကြီးကို အကြောင်းပြုကာ ပါရမီဆယ်ပါးကို မနားမနေ ဖြည့်စွက်ဆောက်တည်နေရပေ၏။ 'ယုတ်စွတဆုံး ငုံး' ဆိုသည့်စကားအရ အလောင်းတော်သည် ငုံးငှက်ငယ်ဘဝတွင် လေးကြိမ်တိတိ ဖြည့်ရပေ၏။ ခြေ

mgyoe.com

mgyoe.com

လေးချောင်းသတ္တဝါဘဝ အငယ်ဆုံး ဖားဘဝတွင် တစ်ကြိမ်ဆင်း၍ ပါရမီတော်ကို ဖြည့်စွက်ခဲ့ရပေ၏။

ဂေါတမအလောင်းတော်ကြီးသည် ပါရမီခန်းတွင် လူ့ဘဝ ၃၅၇ ဘဝ၊ နတ်ဇာတ်နတ်ဘဝတွင် ဘ၀၊ တိရစ္ဆာန်ဘဝတွင် ကုန်းသတ္တဝါ ဖ၀၊ ရေသတ္တဝါနှင့် ကောင်းကင်တွင်ပျံသန်းသွားလာတတ်သည့် သတ္တဝါဘဝ ၁၂၅–ဘဝတို့ကို အဓိဋ္ဌာန်ခိုင်ခိုင် သစ္စာမြိုင်မြိုင်၊ သဒ္ဓါလှိုင်လှိုင်၊ သီလကြိုင်ကြိုင်ဖြင့် ဖြည့်စွက်တည်ဆောက်ခဲ့ရပေ၏။

ဝေဿန္တရာ ဇာတ်တော်ကြီးဝယ် သည်းပွတ်နှင့် တူတော်မူသည့် သားတော် သမီးတော် ဂဏှာနှင့် ဇာလီတို့ကို အမျိုးယုတ်မာသော စူဇကာပုဏ္ဏားကြီးက အလှူခံယူပြီး ဝေဿန္တရာမင်းကြီးရှေ့တွင်ပင် သွေးစိမ်းရှင်ရှင်ထွက်အောင် ရိုက်နှက်ညှဉ်းပန်းပြခြင်းဖြင့် ဂေါတမအလောင်းတော်ကြီး၏ သဒ္ဓါ၊ သီလ၊ ခန္တီ အစရှိသည့် ပါရမီဆယ်ပါးကို တစ်ချက်တည်းဖြည့်တော်မူခဲ့ပေ၏။

ကျွန်တော်၏ စဉ်းစားခန်းများသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပါရမီတော်ခန်းများဝယ် ပူဇော်ကန်တော့ရင်း ဘုရားရှင်၏ ဂုဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တတို့ကို ချီးကျူးပီတိဖြစ်နေမိပါသည်။

သဗ္ဗညုတ ဘုရားစင်စစ်ဖြစ်တော်မူသည့် သိဒ္ဓတ္ထမင်းသားဘဝဝယ် ရွှေရည်သွန်းလျှော်၊ ယသော်ဓရာသခင်မနှင့် စုံဖက်ကာ အသက်တမျှ ချစ်ကြည်နူးသည့် သားဦးကလေး ရာဟုလာသခင်ကို ဖွားမြင်ခဲ့ပေ၏။ သို့ရာတွင် ထိုအချိန်ကာလဝယ် သိဒ္ဓတ္ထသခင်သည် နတ်များ၏ ပါရမီဖြည့်ကာ ပြသသည့် နိမိတ်ကြီးလေးပါး အစရှိသည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို မြင်တွေ့ရပြီး ကြီးစွာသောသံဝေဂကို ရရှိခဲ့ပြီးသည့်အတွက် လူ့ဘောင်ကို စွန့်ပယ်ပြီး ခင်တွယ်သောသံယောဇဉ်တို့ကိုဖြတ်ကာ တောရပ်သို့ ကြွချီတော်မူမည့် အဓိဋ္ဌာန်ပါရမီတော်အတိုင်း သန်းခေါင်ယံကာလဝယ် တိတ်တဆိတ် တစ်ကိုယ်တည်း သလွန်စက်ခန်းမှ ထတော်မူပြီး နောက်ဆုံးဘိတ်၊ သံယောဇဉ်ငြိနေသော ကိုယ်တော်ဘဝအနေဖြင့် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးမယုယခဲ့ရသည့် သားတော်ရာဟုလာကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြာခြည်ကို အသာမ၍ ရာဟုလာသားတော်ကို အမြိုက်အဆုံး ရှုစားတော်မူပေ၏။

ဂေါတမအလောင်းတော်သခင် ဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသားသည် ဘဝဘဝက ဆည်းပူးခဲ့သည့် ပါရမီတော်အစုံတို့ကို အောက်မေ့ဆင်ခြင် သတိရတော်မူနေပါသည်။ ကိုယ်တော်မြတ်သည် ဆယ့်ခြောက်သင်္ချေ ကမ္ဘာတစ်သိန်း အစရှိသော ပါရမီတော်ခန်း

mgyoe.com

mgyoe.com

များကို အဖန်တလည်လည် သတိရအောက်မေ့တော်မူ၏။ ဆယ်ပါးသော ပါရမီတော်များအတွက် ကိုယ်တော်၏ ဦးခေါင်းတော်သည် မြင့်မိုရ်တောင်မက အကြိမ်ကြိမ် အဖန်ဖန် ဖြတ်၍ ကူးခဲ့ရပေပြီ။ သဗ္ဗညုတဉာဏ်အလို့ငှာ ကိုယ်တော်သခင်ကြီး၏ အသားတော်သည် ကမ္ဘာနှင့်အမျှစုပုံ၍ စွန့်လှူခဲ့ရလေပြီ၊ သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ ချစ်မြတ်နိုးတော်မူသော မဟာကရုဏာတော်ကြီးအတွက် ကိုယ်တော်မြတ်၏ အသွေးတော်များကို မဟာသမုဒ္ဒရာကြီး ငါးစင်းလျှံတက်အောင် စွန့်လှူပေးကမ်းတော် မူခဲ့ပေပြီတကား။

ကိုယ်တော်မြတ်၏ ပါရမီဖြည့်ဖက်များနှင့် ဝေနေယျတို့အဖို့ငှာ အလောင်းတော်ကြီးသည် ဒါနပါရမီကို လက်ရှိပစ္စည်းဥစ္စာမက ဆံပင်၊ လက်ညှိုး၊ မျက်လုံး အစရှိသည့် အင်္ဂါအစိတ်ပိုင်းတို့ကို မနှမြော မခင်တွယ်သည့် အလောင်းတော်၏ စိတ်ဓာတ်အရ အသက်စွန့်လှူပေးအပ်ခဲ့ရုံမက ချစ်စွာသော သားနှင့်မယား၊ သမီးတို့ကို စွန့်လှူခဲ့ရသောဘဝများကို ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ကျွန်တော်သည် စဉ်းစားရာမှ အောက်မေ့သတိရကာ အတုမရှိသောမဟာကရုဏာတော်ရှင် ဘုရားမြတ်သခင်အား သဒ္ဓါ မြတ်နိုး ငါးမာန်လျှိုးကာ ရှိခိုးကန်တော့မိပါတော့သတည်း။

ထို့နောက် ကျွန်တော်၏ ဇနီးစောကိုယ်တိုင် အသင့်ပြင်ဆင်ဖျော်ထားသည့် ကော်ဖီတစ်ခွက်တွင် မုန့်တစ်ချပ်နှင့် စားသောက်ရင်း ကလေးများ၏ ကျန်းမာရေးအတွက် မှာကြားစရာတို့ကို မှာကြားခဲ့ရပေ၏။

"သိပ်အရေးကြီးတယ်ထင်ရင် ဒေါက်တာကျော်ငြိမ်းကို အကြောင်းကြားပါ။ သူ တာဝန်ယူပါလိမ့်မယ်"

ကျွန်တော်က မှာကြားခဲ့ပေ၏။ ဒေါက်တာကျော်ငြိမ်းကား ကျွန်တော်တို့၏ (B.I.A-B.D.A)နှင့် တော်လှန်ရေးပြီးဆုံးသည်အထိ တပ်မတော်တာဝန်ကို တွဲဖက်ထမ်းဆောင်ခဲ့သည့် ရဲဘော်ဟောင်း ဗိုလ်ကြီးကျော်ငြိမ်းပင် ဖြစ်ပါသည်။ ယခုအခါ ဒေါက်တာကျော်ငြိမ်းသည် ရဲဘော်ရဲဘက်များ ဆေးဝါးကူညီကုပေးရင်း ကျွန်တော်၏ ရဲဘော်တစ်ဦးဖြစ်သော အက်ဒီ၊ သို့မဟုတ် ဆရာတင်အေးငြိမ်းနှင့် ပညာတတ်သမီးနှစ်ဦး၏ အကူအညီကိုရယူကာ စိတ်ချမ်းသာစွာဖြင့် နေထိုင်လျက် ရှိသည်။ ကျွန်တော်တို့ ရဲဘော်ဟောင်းများ၏ အားကိုးယုံကြည်ရသည့် ဆရာဝန်ကြီးတစ်ဦး ဖြစ်ပါသည်။

ကော်ဖီကို သောက်နေစဉ်တွင် တိုက်အောက်မှ ကားတစ်စီးထိုးရပ်သံနှင့်အတူ ကျွန်တော်တို့ထံသို့ ဖိနပ်သံ တဖျပ်ဖျပ်ပေးကာ တက်လာကြသည့် ခြေသံများကို ကြားလိုက်ရပေ၏။ ကျွန်တော်က လက်ပတ်နာရီကို ကြည့်လိုက်သည်တွင် နံနက်လေးနာရီ ထိုးနေသည်ကို

mgyoe.com

mgyoe.com

တွေ့ရသောကြောင့် 'မာတလိဦးပါစိန်'တို့ ခြေသံများဟူ၍ အတပ်သိပြီး တံခါးကို ဖွင့်ပေးလိုက်၏။

ရှေ့ဆုံးမှ ပြုံးဖြည်းဖြည်း မျက်နှာကြီးတွင် ဦးပါစိန်နောက်မှ ကိုကျင်သောင်း၊ ကိုမြတ်စော၊ ကိုကျော်ထင်၊ ကိုကြည်၊ ကိုမောင်ကို၊ ဦးကြွယ်၊ ကိုဖေအောင်၊ ကိုခင်မောင်ကြီး၊ ကိုသောင်းစိန်၊ မောင်မြင့်ဝေ အစရှိသည့် ပါရမီရှင်များကို တွေ့မြင်လိုက်ရပေ၏။

ကျွန်တော်၏ဇနီးက အသင့်ဖျော်ထားသော ကော်ဖီချိုင့်ကြီးထဲမှ ကော်ဖီများကို လက်ဖက်ရည်ပန်းကန်များတွင်လည်းကောင်း၊ ထောပတ်သုတ်ပေါင်မုန့်များကို ပန်းကန်ပြားကြီး တစ်ချပ်တွင်း၌ ထည့်၍ ကျွေးမွေးဧည့်ခံလိုက်ပါသည်။

"အိပ်လို့မရတာနဲ့ ခပ်စောစောလာခဲ့တယ် ဗိုလ်မှူး"

ကိုမြတ်စောက ကျွန်တော့်ကို လှမ်း၍ ပြောလိုက်သည်တွင် ကိုကြွယ်သည် ရယ်မောရင်း...

"ဘယ်အိပ်လို့ရမလဲ၊ တစ်ညလုံး ပုတီးစိပ်တဲ့အကြောင်း၊ ပညာစခန်းတွေ အကြောင်းပြောနေကြတာ အချိန်ကုန်လို့ကုန်မှန်းတောင် မသိတော့ဘူး"

ဝင်ရောက်၍ ပြောလိုက်သည်။

"သုံးနာရီထိုးတာနဲ့ တစ်ခါတည်း တန်းနိုးတယ်၊ ရေချိုးပြီး ကျွန်တော့်အိမ်က အမျိုးသမီးကို ပြင်ဆင်ဖို့မှာခဲ့ပြီး ကိုကျင်သောင်းဆီ တစ်ခါတည်း တန်းထွက်ခဲ့တယ်။ စောချင်စောပါစေ မီးရထားနေရာရဖို့ အရေးကြီးတယ် မဟုတ်လား ဗိုလ်မှူး'

ကျွန်တော်တို့ လူစုက ရန်ကုန်မာတလိ အမည်ပေးထားသည့် အင်မတန် စေတနာထက်သန်ရှာသည့် ရန်ကုန်သိမ်ဖြူလမ်းမှ ပါရမီရှင်ဦးပါစိန်က မုန့်ကိုစားရင်း ပြောလိုက်သည်။ ဦးပါစိန်၊ ဒေါ်ရီဇနီးမောင်နှံတို့သည် သာသနာရေး လုပ်ငန်းစဉ်တွင် အင်မတန် သဒ္ဓါထက်သော ပုဂ္ဂိုလ်များဖြစ်ပါသည်။

စမတောင်တော်တွင် တည်ဆောက်နေသည့် သာသနာဝိသုဒ္ဓိသိမ်တော်ကြီးတွင် အလှူငွေများကိုလည်းကောင်း၊ လိုအပ်သမျှ သာသနာကိစ္စများအဖို့ အလှူငွေကို မလစ်ဟင်းကြစတမ်း လှူဒါန်းကြသည့် ပါရမီရှင်များ ဖြစ်ကြပါသည်။

ဦးပါစိန်သည် ၎င်း၏ ဘောက်စ်ဝက်ဂွန်းကားကို ကျွန်တော်တို့ လုပ်ငန်းများတွင် အချိန်မရွေး ကိုယ်တိုင်မောင်းနှင် ပို့ဆောင်လေ့ရှိသည်။ တောင်တော်မှ ပုဂ္ဂိုလ်များ၊ သာသနာကိစ္စနှင့်လွှတ်လိုက်သည့် ပုဂ္ဂိုလ်များကိုလည်း ရန်ကုန်မြေ နင်းမိခဲ့လျှင် ဦးပါစိန်က အချိန်မရွေး သူ၏ကားဖြင့် သွားလိုရာသို့ ရောက်အောင် ပို့ပေးရုံမက ထမင်းဟင်းကျွေးမွေး လှူဒါန်းလေ့

mgyoe.com

mgyoe.com
ရှိသည်။ ဦးပါစိန်သည် သူတို့လင်မယားသာမက သူ၏အစ်မကြီး ဒေါ်တင်ပုကိုလည်း ဟောပြော၍ သာသနာ့သိမ်တော်ကြီးတွင် အလှူငွေများစွာ ပါဝင်လှူဒါန်းကြောင်း၊ ကျွန်တော်နှင့် ရန်ကုန်ရှိ ပါရမီရှင်များက ဦးစိန်ပါအား ရန်ကုန်မာတလိပ်ဟူသော ဘွဲ့ထူး ပေးခဲ့လေသည်။

သူတို့အားလုံးသည် တောင်တော်အဖို့ လှူဘွယ်ပစ္စည်းများ၊ စတုဒိသာ ကျွေးမွေးဖို့ သာကူနှင့်သကြားပုံးများ၊ ဖယောင်းတိုင်သေတ္တာတို့ကို သယ်ယူကြသည်။ ကား၏ နောက်ပိုင်း၌ကား အိပ်ရာလိပ်၊ ဆွဲအိတ်ငယ်များဖြင့် ပြည့်လျက်ရှိပေ၏။

ကျွန်တော်သည် ကားနောက်ပိုင်းပေါ်သို့တက်ရန် ခြေလှမ်းပြင်လိုက်ရာ ဦးပါစိန်က အတင်းဆွဲထားပြီး ကားရှေ့ခန်းဆီသို့ နေရာယူရန် တောင်းပန်သည်ကြောင့် သူနှင့်အတူ ကားရှေ့ခန်းတွင် နေရာယူလိုက်ရပေ၏။ မကြာမီ ကျွန်တော်တို့ပါရမီရှင်များနှင့် ပစ္စည်း အထုပ်အပိုး သေတ္တာများကို တင်ဆောင်လာသည့်ကားကြီးသည် ရန်ကုန်မြို့အတွင်းသို့ ပြန်လည်မောင်းနှင်ခဲ့သည်။ ဦးပါစိန်၏အိမ်ရှေ့တွင် ခေတ္တရပ်လိုက်ပြီး ဦးပါစိန်က သူ၏ ဇနီးဒေါ်ရီနှင့်အတူ အိပ်ရာလိပ်များကို သယ်ယူလာတော့သည်။ သူ၏သားကြီးသည် ကား နောက်ပိုင်းတွင် နေရာယူလိုက်ပြီး ထရပ်ကားကို အိမ်ကိုပြန်မောင်းရန်အတွက် လိုက်ပါလာ သည်။

သိမ်ဖြူလမ်းမှ ရန်ကုန်ဘူတာကြီးသို့ မိနစ်ပိုင်းအတွင်း ရောက်ရှိခဲ့ပြီး ကျွန်တော်တို့ လူစုသည် အလုပ်သမားများ၏အကူအညီဖြင့် ရန်ကုန်ဘူတာကြီး တတိယစင်္ကြံသို့ တံတား ပေါ်မှ ကျော်ဆင်းခဲ့ကြပြီး ဖျဉ်းမနားအိပ် လော်ကယ်ဘူတာတွင် နေရာယူလိုက်ကြသည်။ ဘူတာတွင် ကျွန်တော်တို့ကို အသင့်စောင့်ကြိုနေကြသည့် တာမွေနတ်ချောင်းမှ ကိုမြအေး နှင့် ကိုအုန်းရွှေတို့ကို အထုပ်အပိုးကိုယ်စီနှင့် တွေ့လိုက်ရသလို ကိုမြင့်လှိုင်၊ ကိုတင်ထွန်းနှင့် ဦးစံလှတို့ သုံးဦးလည်း ပစ္စည်းပစ္စယများနှင့် တွေ့ရပါသည်။

တောင်ပေါ်တွင် တစ်နှစ်လျှင် ပွဲတော်သုံးကြိမ် ရှိပါသည်။ ပွဲတော်ဆိုလျှင် အကအခုန် အတီးအမှုတ်များဖြင့် ပျော်ပွဲရွှင်ပွဲများ ဖြစ်ပြီးကော ပွဲတော်မျိုး မဟုတ်ပါ။ တစ်နှစ်တွင် အချိန်သုံးကြိမ် ကျင်းပသည်။ အထူးလုပ်ငန်းတွင်သုံးရသည့် နေရာဌာန ဖြစ်ပါသည်။ ဝါဆို လပြည့်တွင် ဆွမ်းငါးထောင်လှူပွဲ၊ တန်ဆောင်မုန်းတွင် ဆီမီးငါးထောင်လှူပွဲ၊ တန်ခူးလတွင် နှစ်ကူးပွဲဖြစ်ပါသည်။ တောင်တော်တွင် ကြေးစည်သံ၊ ခေါင်းလောင်းသံ၊ မေတ္တာပို့သံများမှ လွဲ၍ အခြားအတီးအမှုတ်မရှိရပါ။ တစ်ခါတစ်ရံ တောင်တော်ပတ်ဝန်းကျင်တွင် သဘာဝ အားဖြင့် ကျက်စားမြူးတူးသည့် ကျေးငှက်များ၊ တောကြက်များ ဘေးအန္တရာယ် ကင်းရှင်း
mgyoe.com

mgyoe.com

စွာ စိတ်ချမ်းသာမှုအရင်းခံ၍ မြူးတူးတွန်ကျူးသံများသည်လည်းကောင်း၊ ဂျိုင်ယ်များ၏ ဟောက်သံများ၊ ကြက်တူရွေး၊ သာလိကာ၊ ဥဩငှက်တို့၏ သာယာနာပျော်ဖွယ် မြည်တွန်သံများသာလျှင် သဘာဝလှုပ်ရှားမှု ဂီတသံများအဖြစ် ကြားနေရပေ၏။

ဝါဆိုလပြည့်နံနက် အရုဏ်ဦးတွင် သက်သတ်လွတ်ဆွမ်း ငါးထောင်ကား ကမ္ဘာသူကမ္ဘာသားတွေ အစာငတ်မွတ်သည့် ဒုဗ္ဘိက္ခန္တရကပ် မဆိုက်ရောက်စေရန် တောင်တော်ဆေါ်မှ ဘုရားငါးဆူအား ဆွမ်းကပ်လှူကာ ကမ္ဘာတစ်ဝန်း၏ ဘေးအန္တရာယ်အပေါင်းမှ ဓာတ်ဆေးသော ဆွမ်းကြီးလောင်းပွဲတော် ဖြစ်ပါသည်။

တန်ဆောင်တိုင်လပြည့်နေ့အဖို့၌ကား ရှေးထုံးတမ်း အစဉ်အလာအဖြစ် ဝါပွမ်းဗိုင်းတောင့်ငယ်များကို ဆီမီးခွက်ငါးထောင်တွင်ထည့်ကာ ဆီဖြင့် ဓာတ်ဘုရားငါးဆူကို ဆီမီးပူဇော်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းလုံး ဗုဒ္ဓသာသနာ ထွန်းလင်းပြည့်ဝခြင်း အဓိပ္ပာယ်ကို ပေါ်လွင်စေပါသည်။

ဤသို့ ဂေါတမဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သက်တော်ထင်ရှားရှိစဉ်က ချီးမြှင့်ခဲ့သောဆံတော်တွင် တစ်ဆူကိန်းဝပ်ရာ စမတောင်တော်ရှိ စေတီတော်မှနေ၍ လူတို့ ယူဆောင်ရခြင်း အကျိုးကား ကမ္ဘာသို့ ပြန့်နှံ့စေတော့သတည်း။

တန်ခူးလကား သက်ကြီးဝါကြီး ပုဂ္ဂိုလ်မှစ၍ ပါရမီရှင်များ၏ နှစ်သစ်ကူးပွဲတော် ဖြစ်ပေ၏။ တောင်တော်တွင် ဘုရားငါးဆူအား ရေသပ္ပါယ်ခြင်း၊ သက်ကြီးသက်ရွယ် ဝါစဉ်အလိုက် ရေထမ်း၍ လှူဒါန်းကြခြင်း၊ ဆရာတော်များအား ရေလှူဒါန်းခြင်း၊ နှစ်ဆန်းတစ်ရက်နေ့တွင် သက်သတ်လွတ်ဆွမ်းကို ရဟန်းသံဃာတော်တို့အား ကပ်လှူ၍ အမျှဝေးဝေခြင်းဖြင့် နှစ်သစ်ကူးပွဲတော်ကို အောင်မြင်စွာ ပြီးဆုံးလေ့ရှိပေ၏။ စ,မတောင်တော်ကား မည်သည့်အသားကိုမျှ လက်ခံလေ့မရှိပါ။ ငါးပိပင် ကုန်းပေါ်သို့ ယူဆောင်ခြင်းငှာ ခွင့်မပြုချေ။ ကြွရောက်သီတင်းသုံးကြသော ရဟန်းသံဃာတော်များ၊ လူပုဂ္ဂိုလ်များ၊ ယောဂီများ အားလုံးသည် သက်သတ်လွတ်ထမင်းကို ကျေနပ်စွာ စားသုံးရပေ၏။ ဤသို့ သက်သတ်လွတ် စားသုံးရသော အင်မတန်နက်နဲ လျှို့ဝှက်သည့် စမတောင်၏ အကြောင်းအရာနှင့် ဓာတ်ဘုရားစေတီတော်များ အကြောင်းကို နောင်တွင် ပါရှိမည့်အခန်းများတွင် ဆက်လက်၍ ဖော်ပြသွားပါမည်။

ယခု ကျွန်တော်တို့ ရန်ကုန်စခန်းမှ ပါရမီရှင်များ သွားရောက်ရသည့် ကာလသည် တန်ဆောင်တိုင် ဆီမီးငါးထောင်ပူဇော်သည့် မင်္ဂလာအခါတော်ကြီးအတွက် ဖြစ်ပါပေ၏။

မီးရထားကား ခြောက်နာရီ နှစ်ဆယ်မိနစ်တွင် ရန်ကုန်ဘူတာကြီးမှ စတင်၍ ထွက်ခွာ

mgyoe.com

mgyoe.com

ခဲ့ပေပြီတကား။ မိုးသားကင်းစင်သော နံနက်ခင်းဝယ် တလှုပ်လှုပ် ခုတ်မောင်းနေသည့် မီးရထားကြီးသည် ဘူတာစဉ်ရပ်လိုက် ထွက်လိုက်နှင့် ခရီးနှင်နေတော့၏။

ကျွန်တော်နှင့်ရန်ကုန်မှ ပါရမီရှင်များကား ပါရမီဆယ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်သည့် အဓိဋ္ဌာန်ပါရမီအရ တောင်တော်သို့ မီးရထားစီးကာ ခရီးထွက်ခဲ့ခြင်းသာ ဖြစ်ပါပေ၏။

မီးရထားသည် ရန်ကုန်နယ်နိမိတ်၏ သဘာဝမှတ်တိုင်ဖြစ်သော ငမိုးရိပ်ချောင်းမြောက်ဘက်သို့ ဖြတ်သန်းခဲ့ပေပြီ။ မိုးကား စတင်လင်းခဲ့ပေပြီ။ အရှေ့ဆီက နေရောင်ခြည်ပိုးတဝါးများကပင် ရထားပြတင်းပေါက်များမှ အတွင်းဘက်ဆီသို့ ကျရောက်နေပါတော့သည်။

ကျွန်တော်သည် အနည်းငယ် အိပ်ငိုက်လာမိသည်။ တစ်ညလုံး အိပ်မပျော်နိုင်သည့် အဖြေပင်ဖြစ်ပါသည်။ သို့ရာတွင် ယခုအဓိဋ္ဌာန်ဘုရားဖူး ခရီးအဆုံး၌ ကျွန်တော့်အဖို့ အင်မတန် လျှို့ဝှက်နက်နဲသော၊ လူသိနည်းလှသော အတ္ထုပ္ပတ္တိ ပညာရပ်များနှင့် လျှို့ဝှက်ချက်များကို မမျှော်လင့်ဘဲ ရရှိမည်ကိုမူ လုံးဝ မစဉ်းစားမိခဲ့ချေ။

ဦးစံရသည် ကျွန်တော့်အား ကျွန်တော်တို့ အဓိဋ္ဌာန်ခရီး သွားရောက်ကြမည့် စမတောင်တော်တွင် ဘုရား၏အကြောင်းကို မေးလာတော့သည်။ ဦးစံရသာမဟုတ် ကျွန်တော်တို့နှင့်အတူ လိုက်ပါလာကြသည့် ပါရမီရှင်များကပါ ချောင်လည်သော ရထားတွဲနေရာများအရ ကျွန်တော်၏ထိုင်ခုံကို ဝိုင်းပတ်ကာထိုင်ကြပြီး တစ်စုကြီး မေးမြန်းစုံစမ်းလာပါသည်။

ကျွန်တော်သည် ကျွန်တော်သွားရောက်မည့် စမတောင်ပေါ်ရှိ စေတီတော်အကြောင်းနှင့် သမိုင်းအတ္ထုပ္ပတ္တိကို ကျွန်တော်၏ ကျေးရူးရှင် ဆရာကြီးများ ဖြစ်ကြသည့် အဖေနွဲ့နှင့် အဖေလှတို့၏ မိန့်မှာကြားချက်အရ ပြန်လည်၍ အစီရင်ခံလိုက်ရပေ၏။ ဆရာကြီးနှစ်ဦး၏ မိန့်မှာချက်သည် မှန်မမှန်လေ့လာ ရန် အကြံပေးအပ်ပါသည်။ ကျွန်တော်တို့ ဖော်ပြပါ စမတောင်ဘုရားနှင့် အခြားဓာတ်ဘုရားငါးဆူကို ဖူးမြော်ကန်တော့ကာ လုပ်ငန်းများလုပ်ကိုင်ခဲ့သူများအဖို့ ဆရာတော်ကြီးများ၏ မိန့်မှာချက်တွင် ဓာတ်ဘုရားခြောက်ဆူ၏အကြောင်းအရာများကို ချွင်းချက်မရှိစတမ်း ယုံကြည်ထားပြီး ဖြစ်ပါကြောင်း။

စမတောင်တော်ရှိ စေတီတော်ကား ဓာတ်ဘုရားခြောက်ဆူအနက် တစ်ဆူအပါအဝင် ဖြစ်ခဲ့ပါသည်။

ဘုရားသမိုင်းစဉ်များကို လေ့လာလိုက်စားသူတိုင်း မဟာဝင်သုတေသီများနှင့်တကွ

mgyoe.com

mgyoe.com

ရာဇဝင်ဆရာများအဖို့ အသိများသလောက် ဖူးတွေ့ရန် ခဲယဉ်းလှသော ဘုရားရှင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူရာ ဒေသမှန်ကို ရှာဖွေ မတွေ့ရခြင်း၊ မသိရခြင်းတို့ကြောင့် မျှော်တိုင်းဝေးနေခဲ့သော ဓာတ်ဘုရားခြောက်ဆူ (ဝါ) ဂေါတမဘုရားရှင်၏ သက်တော်ထင်ရှားရှိစဉ်က နောင်လာ နောက်သား သတ္တဝါများအဖို့ သာသနာတော်ကြီး၏ အရေးကို ရှေ့ဉာဏ်တော်ကွန်ရက်ဖြင့် သိရှိဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော်တိုင် ခေါင်းတော်မှ ဆံတော်ခြောက်ဆူကို ချီးမြှင့်ပေးသနားတော်မူခဲ့လေ၏။

အရှင်ရေဝတ ဘွဲ့တော်ရ ရဟန္တာနှင့် အခြားရဟန္တာသုံးပါး၏ အသနားခံ လျှောက်တင်ချက်အရ ဖော်ပြပါ ဂေါတမမြတ်စွာဘုရားကိုယ်တိုင် ခေါင်းတော်မှ ဆံတော်အစစ်ခြောက်ဆူကို ပေးသနားခဲ့ရာ အရှင်ရေဝတနှင့် ရဟန္တာကိုယ်တော်များသည် ဆံတော်ရှင်များ ကိန်းဝပ်ဌာပနာပြုခဲ့ကြ၏။ ဘုရားစေတီတော် တည်ရန် နေရာမှန်များကိုရှာဖွေကြပြီး ဓာတ်ဘုရားခြောက်ဆူကို စေတီတော်များအတွင်း၌ ဌာပနာပြုခဲ့ကြသည်။ ထိုစဉ်က ဓာတ်ဘုရားခြောက်ဆူ၏ ဌာပနာကိန်းဝပ်ရာစေတီတော်များကို ပင်လယ်ကမ်းခြေအနီး၌ဟု သမိုင်းများ၌ ဖတ်ဖူး၊ တွေ့ဖူး၊ ကြားဖူးပေလိမ့်မည်။ 'ပင်လယ်ကမ်းခြေအနီး၌ တည်ရှိနေသော စေတီတော်များ'ဟူကား သမိုင်းလာကျမ်းဂန်တွင် ပါရှိနေသည်ကြောင့် ဉာဏ်ပညာနှင့် အချိန်ကာလကို ပိုင်နိုင်စွာ မချင့်ချိန်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များသည် (ဆ–ကေ–သ–ဓာ–တု) စေတီတော်ခြောက်ဆူ တည်ရှိမည်ထင်ရသည်။ ယခု ပင်လယ်ကမ်းခြေတစ်ဝိုက် သထုံ၊ မုတ္တမ၊ ရခိုင်ပြည်နယ်တကျောတွင် ရှာဖွေကြသည်။ ဟိုဘုရားလိုလို၊ ဒီစေတီလိုလိုနှင့် မရေမရာ ဖြစ်ခဲ့ကြသည်။

ထို(ဆ–ကေ–သ–ဓာ–တု ခြောက်ဆူ)စေတီတော်များကို ရှာဖွေကြသူများအနက် အင်မတန် နာမည်ကြီးသော တစ်ကြိမ်တစ်ခါက မြန်မာပြည်တွင် အာဏာလက်ရှိ ထိပ်ဆုံးက ပုဂ္ဂိုလ်တစ်ဦးနှင့် နောက်လိုက်နောက်ပါများ ရှိခဲ့ကြသည်။ သူတို့ကား ရေလိုက်လွဲနေခြင်းသာ ဖြစ်ကြသည်။ အမှန်မှာ ဖော်ပြပါဓာတ်ဘုရားခြောက်ဆူသည် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကတည်းက စေတီငယ်များအဖြစ် တည်ထားခဲ့ခြင်းကြောင့်လည်းကောင်း၊ ရေထုတို့ကို မြေထုလွှမ်းလာခြင်းကြောင့်တစ်ကြောင်း၊ တောကြိုအုံကြားအဖြစ် ချုံနွယ်ပေါင်း ခြံရံလျက် ပြိုပျက်ကာ အင်မတန် လူသိနည်းလှသော စေတီတော်များအဖြစ် မေ့ပျောက်နေကြသည်။

ဓာတ်ဘုရားစေတီတော်များ အဖြစ်မှ ပျက်စီးယိုယွင်း ရောက်ရှိနေခဲ့ကြသည်။ ဓာတ်ဘုရားခြောက်ဆူကို ပြန်လည်ဖော်ထုတ်၍ မွမ်းမံကာ စေတီကြီးများအသွင်သို့ ရောက်ရှိအောင်

mgyoe.com

mgyoe.com
ပြုပြင်မွမ်းမံနိုင်သော အာဇာနည် ယောက်ျား ကောင်းတစ်ယောက်၏ ကျေးဇူးကြောင့်သာ လျှင် ကျွန်တော်တို့နောက်ပါ နောက်သား ပါရမီရှင်များအနေနှင့် ဓာတ်ဘုရားခြောက်ဆူကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ကာ စေတီတော် ရှေ့မှောက်ဝယ် သမထဝိပဿနာ လုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ဆရာမြတ်ကား မြန်မာစစ်စစ်မဟုတ်ပါ။ ရှမ်းပြည်နယ် တစ်နယ်မှ စော်ဘွား မျိုးဖြစ်ပြီး သူ၏မိဘများမှာ ကုလားဖြူ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ရန် ကြံ့ုးပမ်း ကြသည့် အမှုအယာကြောင့် ဆရာကြီး၏ မိဘနှစ်ပါးတို့ကို အင်္ဂလိပ်အစိုးရက နယ်နှင် ဒဏ်ခတ်ပြီး ညောင်လေးပင်၊ မဒေါက်နယ်မြေသို့ ခြေချုပ်အဖြစ် ပို့ထားခြင်းခံခဲ့ရသည်။

ဆရာကြီး၏ မိဘနှစ်ပါးသည် သူ၏ သားစဉ်မြေးဆက်အတိုင်း ကုလားဖြူ အင်္ဂလိပ် အစိုးရကို လက်နက်စွဲကိုင်၍ ပုန်ကန်နိုင်ရန် အကြံအစည်အရ ဆရာကြီးအပါအဝင်၊ သားယောက်ျားများကို သိုင်း၊ ဗန်တို၊ ဗန်ရှည်မှစ၍ ကိုယ်ခံပညာရပ်များကို သင်ကြား ပေးအပ်ခဲ့သည်။ ဆရာကြီးတို့ ညီအစ်ကိုများအနေနှင့် ကာယသိဒ္ဓိပညာရပ်တွင် ဓားပြီး၊ လှံပြီး၊ ပုဆိန်အပေါက်ခံနိုင်စွမ်းသော အဆောင်ဆေးဝါးများဖြင့် ပြီးစီးခဲ့သည်။ ဆရာကြီး သည် စော်ဘွားမျိုးရိုး ရှမ်းမျိုးနွယ်ကို စိတ်မမက်မောတော့ဘဲ 'ကိုသာနွဲ့'အမည်ဖြင့် ညောင် လေးပင် ပုဇွန်မြောင်းတစ်လျှောက်တွင် ကာလသားလောကဝယ် လူသိများခဲ့လေသည်။

ငယ်စဉ်က ကိုရင်ဝတ်ခဲ့စဉ်တွင် ပုဇွန်မြောင်းဇာတိဖြစ်တော်မူသော ညောင်လေးပင်မြို့၊ တောရကျောင်းဆရာတော်ကြီး ဦးအရိယာနှင့် ကိုယ်ရင် ဝတ်ဖက်ဖြစ်ခဲ့ပြီး ကိုသာနွဲ့သည် 'နေပုည'ဘွဲ့တော်ဖြင့် လောကုတ္တရာနှင့် ပရိယတ္တိ စာပေကျမ်းဂန်များကို လေ့လာပြီးနောက် မိဘနှစ်ပါးတို့ကို ပြန်လည်လုပ်ကျွေးရန် လူဝတ်လဲခဲ့ရ၏။

မယုံသူ တစ်ယောက်က ကိုသာနွဲ့ကို ပုဆိန်နှင့်ပေါက်နိုင်သည်။ တစ်စုံတစ်ရာ ဒဏ်ရာမရ၊ မနာမကျင်ခဲ့လျှင် ငွေငါးကျပ်လောင်းကြေးဖြင့် ကိုသာနွဲ့သည် မိဘများ အပ်နှံထားခဲ့သည့် ကာယသိဒ္ဓိ ကိုယ်ခံပညာရပ်ကို ယုံကြည်ခဲ့သည်။

တစ်နေ့တွင် ကုလားဖြူအစိုးရကို လက်နက်ဖြင့်တော်လှန်ရန် စိတ်ဆန္ဒ ပြင်းပြခဲ့သည့် ရှမ်းပြည်မှဆွေမျိုးများက လာရောက်၍ ခေတ်ကာလ အေးချမ်းခဲ့သည့်အလျှောက် ရှမ်းပြည် သို့ တစ်အိမ်ထောင်လုံး ပြန်၍နေထိုင်ရန် တောင်းပန်ပြောကြားသော်လည်း ကိုသာနွဲ့ မိဘတွေက ခေါင်းခါ၍ တစ်ရပ်တစ်မြေ၌ ပျော်ခဲ့ကြသည်။

တစ်နေ့တွင် တုတ်တစ်ချောင်းတွေဖြင့် အထုတ်ကြီးတစ်ထုပ် လွှို၍ထမ်းလျက် တိုက်ပုံ အင်္ကျီအဖြူတစ်ဖက် အကြားတစ်ဖက်စီ ထူးဆန်းစွာ ချုပ်တွဲ၍ ဝတ်ထားသည့် ခြေနှစ်ဖက်
mgyoe.com

တွင် ခြေညှပ်ဖိနပ်တစ်ဖက်၊ ခုံဖိနပ်တစ်ဖက်စီးကာ ထူးဆန်းသော အရူးလိုပုဂ္ဂိုလ်ကြီး တစ်ဦးသည် ကိုသာနွဲ့တို့မြို့သို့ ဆိုက်ရောက်လာခဲ့သည်။

မကြာမီ ကိုသာနွဲ့နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံမိသည်တွင် ထိုပုဂ္ဂိုလ်က 'မင်းကို ငါလိုက်ရှာရသည်မှာ သိပ်ပင်ပန်းနေပြီ ခုမှတွေ့ရသည်' တည်ကြည်သော မျက်နှာဖြင့် ကိုသာနွဲ့ကို ပြောကြားလိုက်ပြီး ကိုသာနွဲ့၏မျက်နှာကို စေ့စေ့ကြည့်ကာ ခြေဖြင့်တစ်ချက်တည်း ကန်ချလိုက်သည်။ ရုတ်တရက်အဖို့ ကိုသာနွဲ့သည် များစွာဒေါသဖြစ်သွားပြီး ချက်ချင်း သတိရကာ သူ၏ခေါင်းထဲ၊ ဦးနှောက်ထဲ၌ ထူးဆန်းသောအသိဉာဏ်တစ်ခု ဝင်ရောက်လာတော့သည်။

သူ့အား ခြေနှင့်ကန်လိုက်သည့်ပုဂ္ဂိုလ်ကို ကိုသာနွဲ့သည် ဒေါသများစွာ တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားသလို များစွာကြည်ညိုလေးစားလာတော့၏။ ထိုထူးထူးဆန်းဆန်း ရယ်မောဖွယ်ရာ ဝတ်ဆင်ထားသော အထုပ်ကြီးနှင့် လူကြီးနောက်သို့ သတ္တိခဲကိုသာနွဲ့သည် ကောက်ကောက်ပါအောင် လိုက်သွားပါတော့သည်။

အုတ်တွင်းမြို့သို့ ရောက်ခဲ့ပြီး အုတ်တွင်းမြို့အရှေ့စွန် မိုးကောင်းဘုရားသို့ ရောက်သောအခါ သတ္တိခဲကိုသာနွဲ့သည် သူ့အားလူကြားထဲ၌ ရက်ရက်စက်စက် ခြေနှင့်ကန်ကာ နှုတ်ဆက်သူလူကြီး၏ အခြေအမြစ်ဇာတိတို့ကို သိရှိလိုက်ပေ၏။ ထိုလူကြီးမှာ မန္တလေးမြို့ ပျားစွဲရွာမှ နေမြင်လမြင် ပုဂ္ဂိုလ်ကြီးဓမ္မဝိဇ္ဇာ အဖေရှင် (ဝါ) ဆရာရှင်ပင် ဖြစ်ပါတော့သည်။ ထိုအုတ်တွင်းမြို့ မိုးကောင်းဘုရားတွင် ဆရာရှင်ကြီးအမည်ခံ အရိယာဝိဇ္ဇာ၊ သို့မဟုတ် ဓမ္မဝိဇ္ဇာအဖေရှင်က ကိုသာနွဲ့ကို လောကုတ္တရာလုပ်ငန်း သာသနာပြုလုပ်ငန်းစဉ်ကို လွှဲအပ်တာဝန်ပေးရန် စီစဉ်လိုက်ပါတော့သည်။

နေမြင်လမြင် ပုဂ္ဂိုလ်ကြီး အဖေရှင်သည် ကိုသာနွဲ့၏မျက်နှာကို တစ်ချက် စိုက်ကြည့်လိုက်ပြီး....

"အမယ်၊ မင်းက ကိုယ့်ကိုယ် ဟုတ်လှပြီလို့ထင်နေလား။ ငါ့ကို ဘာမှတ်သလဲ၊ မန္တလေးက အဖေရှင်ဆိုတာ ငါပဲ။ သေသေချာချာ မျက်နှာမှတ်ထား၊ မင်းဗိုက်ထဲက ဘာမဟုတ်တဲ့ အနုတ်စုတ် ဂုတ်စုတ် လက်ဖွဲ့ဆေးဝါးတွေ အခု ငါ့ရှေ့မှာ အန်ချလိုက်"

ခပ်တင်းတင်းအမိန့်ပေးလိုက်ရာ ကုလားဖြူအစိုးရကို လက်နက်ဖြင့် တိုက်ခိုက်လိုသော စိတ်ဓာတ်ဖြင့် ပီးဆေး၊ ကာယသိဒ္ဓိလက်ဖွဲ့များ သောက်မျိုထားသည့် ကိုသာနွဲ့သည် မည်သည့်အကြောင်းကြောင့် မသိရဘဲ သူသောက်သုံးထားသည့် ဆေးဝါးလက်ဖွဲ့များကို ထူးခြားသော ဆရာရှင်ကြီး ရှေ့မှောက်ဝယ် တပွက်ပွက် ကုန်စင်အောင် အန်၍ချလိုက်မိသည်

mgyoe.com

mgyoe.com

ဟူသတည်း။

ထို့နောက်တွင် ကိုသာနွဲ့သည် သူ၏အားကိုးအားထား အဖိုးမဖြတ်နိုင်သော အဆောင် သိဒ္ဓိများကို နှမြောတသသနှင့် ကြည့်နေသည်တွင် အဖေရှင်သည် ကိုသာနွဲ့၏အတွင်းစိတ်ကို သိရှိသည့်အလျောက်...

"ဒီပစ္စည်းတွေဟာ မင်းကို အပါယ်ငရဲကို ပဋိသန္ဓေပေးနိုင်တယ်။ ကောင်းတာတွေ မဟုတ်ဘူး၊ နှမြောမနေနဲ့ အကောင်းဆုံး မင်းလိုချင်တဲ့ ဆုတစ်ခုကို ငါ့ဆီမှာတောင်းစမ်း၊ ငါပေးနိုင်မပေးနိုင် စောင့်ကြည့်မယ်"

အမိန့်ပေးလိုက်ရာ ကိုသာနွဲ့သည် မစဉ်းစားတတ်အောင် ဖြစ်နေစဉ်တွင် ဆရာကြီးက ကိုသာနွဲ့ကို သူ၏စိပ်ပုတီးကို ပေးအပ်လိုက်ပြီး မိုးကောင်းစေတီအတွင်း၌ အဓိဋ္ဌာန်ပုတီး စိပ်ခိုင်းလိုက်သည်။ ကိုသာနွဲ့၏ ခက်ထန်သော စိတ်များသည် တစ်မုဟုတ်ချင်း ပျောက် ကွယ်သွားသလို နိဗ္ဗာန်ကိုလိုချင်သော ဆုကြီးနှင့် အမည်မဖော်နိုင်သေးသော အကြောင်းကို လျှောက်တင်လိုက်ရာ ဆရာရှင်ကြီးသည် ပြုံးလျက်သာ စုသုံးကြိမ်ခေါ်လိုက်ပြီး ကြေးစည် ကလေးကို ခုနစ်ကြိမ်တိတိ ရိုက်ခတ်ကြေငြာလိုက်သည်။

"ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ်သားကြီးမောင်သာနွဲ့ ရဟန်းဘွဲ့ နေပုည တောင်း ဆိုသည့် ဆုကြီးနှစ်ခုသည် ပြည့်စေနိုင်ကာ ပါရမီများ တစ်ဟုန်တည်း အမှန်အတိုင်း ပေါ်ထွန်းပါစေ"

ဆုပေးအပ်လိုက်သည်။ သို့သော် ဆရာရှင်သည် ကိုသာနွဲ့အား သူထမ်းနေသော အထုပ်ကြီးများကို တစ်လှည့်ထမ်းပိုးစေကာ သူ့နောက်မှ အထက်မြန်မာပြည် တစ်နေရာသို့ ခေါ်ဆောင်သွားပါတော့သည်။ ဆရာရှင်တို့ ဆရာတပည့် ရောက်ရှိနေရာကား မန္တလေးမြို့ ဖြစ်ပြီး ဂေါဝိန်ဆိပ် စိန်ပန်းရပ်ရှိ ဆရာဦးချမ်းလှိုင် ရှေ့မှောက်သို့ ကိုသာနွဲ့ကို ခေါ်ဆောင် ခဲ့ပါသည်။

ဆရာဦးချမ်းလှိုင်ကား အဖေရှင်ကဲ့သို့ နေမြင့်၊ လမြင့်ပုဂ္ဂိုလ်ကြီး၊ အရိယာဝိဇ္ဇာကြီး တစ်ဦးပင် ဖြစ်ပါသည်။ ဆရာကြီးနှစ်ဦးသည် ကိုသာနွဲ့ကိုခေါ်၍ တိုင်ပင်ကြပြီး စစ်ကိုင်းမှာ ဓာတ်ပေါင်းဘုရားမှစ၍ အတွင်းလမ်းစခန်း အတိုင်း 'အတွင်းပုဂ္ဂိုလ်ကြီးများ' ရှေ့မှောက် ရောက်အောင် မဟိဒ္ဓိပညာ၊ သမထပညာရပ်များဖြင့် သုံးဦးသား ခေါ်ဆောင်ရောက်ရှိ သွားပြီး မှာကြား သွန်သင်စရာ ကိစ္စများကို အတွင်းပုဂ္ဂိုလ် အစည်းအဝေးတွင် ဘွင်းဘွင်း ဆုံးဖြတ်ကာ ကိုသာနွဲ့ကို တာဝန်ကြီးတစ်ရပ်ပေးလိုက်၏။ ထိုတာဝန်ကား... ပါရမီရှင် အစစ်ဖြစ်သော ကိုသာနွဲ့၏ အင်မတန် ခက်ခဲနက်နဲလှသော ဗုဒ္ဓသာသနာပြု လုပ်ငန်းကြီး

mgyoe.com

mgyoe.com

တစ်ရပ်ကြီးပင် ဖြစ်ပါသည်။

ထိုအတောအတွင်း ပုဂ္ဂိုလ်အစည်းအဝေးတွင် ငယ်ရွယ်သော ကိုသာနွဲ့နှင့်အတူ အခြားကျော်ဇောထင်ရှားသော ပုဂ္ဂိုလ်ကြီးနှစ်ဦးကို တာဝန်ပေးအပ်လိုက်သည်ဟု နောင်အခါတွင် အဖေနွဲ့က စာရေးသူအား ပြောကြားခဲ့သည်။

ရသေ့ကြီးဦးခန္တီသည် ဗုဒ္ဓသာသနာပြု လုပ်ငန်းစဉ်တွင် နတ်နှင့်ဝိဇ္ဇာ၊ မဟိဒ္ဓိပုဂ္ဂိုလ်များ အတွက် ဓာတ်ဘုရား၊ ဓာတ်စေတီများ တည်ရန်တာဝန်။

မိတ္ထီလာ ရေလယ်ကျောင်းဆရာတော် ဦးတေဇသည် ရဟန်းသံဃာတော်များအတွက် သာသနာပြုရန်တာဝန်။

လူအမည် ဦးသာနွဲ့၊ ရဟန်းဘွဲ့ ရှင်နေပုညသည် ၃၁ ဘုံ သတ္တဝါများအတွက် သဒ္ဓါသက်သက်ဖြင့် ဗုဒ္ဓသာသနာပြုရန်တာဝန်။

ပုဂ္ဂိုလ်သုံးဦးကို တာဝန်ပေးလိုက်ကြောင်း သိရပါသည်။ ဦးသာနွဲ့၏ လုပ်ငန်းစဉ်တွင် မိဟိဒ္ဓိပညာရပ်ကို အသုံးမပြုဘဲ စေတနာရှင်များ၏ သဒ္ဓါအ စစ်အမှန်ဖြင့် လျှုရေးတန်းရေး၊ လုပ်ကိုင်ရေးများ လုပ်ဆောင်ကြရန် အထူး ပညတ်ချက်တစ်ရပ်ပါဝင်ခဲ့ပါသည်။

အကြောင်းကား ဦးသာနွဲ့သည် ထိုအချိန်အခါ ကာလဝယ် သူ၏ စိတ်တွင်း၌ တအုံနွေးနွေး မတင်မကျဖြစ်နေသည့် နိဗ္ဗာန်ဆုကြီးအပြင် အခြားအလားတူ ဆုကြီးတစ်ခုကို အတွင်းပုဂ္ဂိုလ်၊ အတွင်းပရိသတ်များ ရှေ့မှောက်တွင် ဖွင့်ဟ၍ ဆုပန်တောင်းခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုဆုကြီးကား သဒ္ဓါမိက ဘုရားဆုပင်ဖြစ်ပါတော့သည်။ ဆရာရှင်သည် လက်ဦးမဆွကပင် ဦးသာနွဲ့ကို တကယ်ခေါင်းဆောင်နိုင်စွမ်းရှိသည့် ဘုရားဆုပန် ပါရမီရှင်ကြီးအစစ် ဖြစ်ခဲ့သည့်အလျှောက် အချိန်ကြာလာသည့် နောက်တွင် မနားမနေ မတွေ့တွေ့အောင် ရုပ်အမျိုးမျိုး ပြုလုပ်ကာ၊ အရူးယောင် တစ်မျိုးလုပ်ကာ ဦးသာနွဲ့ကို ရှာဖွေခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့နောက်တွင် ပုဂ္ဂိုလ်များ၏ အစည်းအဝေးမှပင် ဦးသာနွဲ့အား ၃၁ ဘုံ လုပ်ငန်းစဉ်ကြီးကို တာဝန်ပေးခဲ့သည့်နောက်တွင် ဆရာဦးသာနွဲ့သည် သူ၏ လုပ်ငန်းစဉ်ကို အခြေစိုက်သူ ကမ္ဘာထပ်ရက် အချက်အချာဒေသကို ရှာဖွေလိုက်ရပေသည်။ အဖေရှင် မူလပထမ တွေ့ရှိခဲ့သည့် အုတ်တွင်းမြို့ကို ဆရာဦးသာနွဲ့က နှစ်ခြိုက်သည်ကြောင့် ရွေးချယ်လိုက်သည်။ အုတ်တွင်းမြို့သည် တနင်္ဂနွေစပြီး စနေဆုံးသည့် ခုနစ်နံစလုံးမိသည့် နေရာဌာနဖြစ်၍ ကမ္ဘာဓာတ်ပန္နက် ချမှတ်ကာ ဓာတ်တမခွန် စေတီတော်တစ်ဆူကို တည်လျက် ဆရာဦးသာနွဲ့ သည် တစ်ဖက်က လောကုတ္တရာလုပ်ငန်းများကို လုပ်ကိုင်ရင်း၊ တစ်ဖက်က လယ်ယာ

mgyoe.com

mgyoe.com

ကိုင်းကျွန်း လုပ်ငန်းများကို ဝမ်းစာအတွက် လုပ်ဆောင်စားသောက်ခဲ့ရပေ၏။

ထိုနောက်ပိုင်းမှစ၍ နှစ်ပေါင်းများစွာ ငုပ်လျှိုးနေခဲ့သည့် (ဆ–ကေ–သ–ဓာ–တု–ဓာတ်ဘုရားခြောက်ဆူ)တို့ကို လုပ်ငန်းစဉ်လုပ်ရင်း၊ ရှာဖွေရန်တာဝန်သည် ဆရာကြီး ဦးသာနွဲ့အပေါ်တွင် ကျရောက်လာခဲ့သည်။

တောင်ငူခရိုင် ကျွန်းကုန်းအနောက်ပိုင်း လက်ခုပ်ကုန်းရွာတွင် ရေငန်ပိုင်းဆိုင်ရာ ဓာတ်ဘုရားဟောင်းတစ်ဆူကို စတင်တွေ့ရှိပြီး အဖေရှင်ကိုယ်တိုင် ကြီးကြပ်ကာ ဆရာဦးသာနွဲ့နှင့်အတူ လောကဓာတ်ပန္နက်ကိုချမှတ်ကာ လက်ခုပ်ကုန်းကို ပြန်လည်၍ မွမ်းမံ တည်ဆောက်ခဲ့လေသည်။ တို့နောက် အထက်မြန်မာပြည် ရေချိုပိုင်းဆိုင်ရာ ဆံတော်ရှင်တစ်ဆူကို ရှာဖွေခဲ့ကြသည်။

သာဝတ္ထိမြို့အနောက်ဘက် ကြံဖိုစုရွာအနီး ရက်ကန်းစင်တောင်ပေါ်တွင် အဖေနွဲ့သည် ဓာတ်ပန္နက်ကို ချမှတ်သည်တွင် မြေကြီးအတွင်းမှ စမများ (စဓဗဝ)အက္ခရာများ ပေါ်လာတော့သည်။ ကြံဖိုစုရွာမှ မယုံကြည်သူများသည် မြေကြီးထဲမှ အလိုအလျှောက် ပေါ်လာသည့် စမများကို တူရွင်းပေါက်ပြားများ နှင့် ညအိပ်ညနေစောင့်ကာ စမများကို ပေါက်ဆွ ဖျက်ဆီးနေကြသည်။ သို့ရာတွင် စမများသည် အက္ခရာလုံးရေများစွာပေါ်လာပြီး မြေကြီးသာမက အနီးရှိ သစ်ပင်သစ်ရွက်များပါမကျန် ပြည့်နေသော စမများ ပေါ်လာသည်ကြောင့် ဆံတော်ရှင် အစစ်အမှန် ကိန်းဝပ်ရာ ဘုရားဟောင်းအထက်တွင် စမတောင်စေတီတော်ကို ထပ်မံ တည်ထားလိုက်ကြသည်။

ထို့နောက် ကမ္ဘောဇ ရှမ်းပြည်နယ် စစ်တောင်းမြစ်အရှေ့ဘက် ငါးဘတ်အင်း ရှမ်းရွာအနီးတွင် (ဆ–ကေ–သ–ဓာ–တု–ဓာတ်ဘုရား ခြောက်ဆူ)အနက် တစ်ဆူကိုတွေ့ရှိ၍ ထပ်မံ၍ စေတီတစ်ဆူ တည်ထားခဲ့သည်။

အချင်းပုဂ္ဂိုလ်များ၏ အမှာစကားအရ ရေချို–ရေငန်ကမ္ဘောဇနယ်တွင် ဓာတ်ဖို ဓာတ်မ ဘုရားနှစ်ဆူမနီးမဝေးအရပ်များတွင် ကိန်းဝပ်သည်ဆိုသည့် မိန့်ကြားချက်အရ ဆရာဦးသာနွဲ့သည် လက်ခုပ်ကုန်း၏အရှေ့ဘက်တွင် ထပ်မံ၍ ရှာဖွေရာ၌ ကျွန်းကုန်း၏ အရှေ့ဘက်တွင် ထပ်မံ၍ရှာဖွေရာ၌ ကျွန်းကုန်းမြို့မော်တော်ကားလမ်းအနီး အရှေ့ဘက်တွင်ကပ်လျက် ဓာတ်ဘုရားဟောင်းတစ်ဆူကို ထပ်မံတွေ့ရ၍ တပည့်ပါရမီရှင်များနှင့်အတူ ဓာတ်ဘုရားတစ်ဆူကိုတည်ထားလိုက်ကြပြီး ရေချိုပိုင်းတွင်မူကား စမတောင်ဘုရား၏ အရှေ့ဘက်တွင် ရန်ကုန်–မန္တလေးကားလမ်းအရှေ့ဘက် ဘုရားကုန်းလမ်းအရပ်တွင် ဓာတ်ဘုရားတစ်ဆူကိုတွေ့ရှိပြီး စေတီအသစ်တည်ထား ကိုးကွယ်ကြသည်။ ကမ္ဘောဇ

mgyoe.com

mgyoe.com

ရှမ်းနယ်တွင်မူကား သစ်ချဆိပ်ရွာ အရှေ့ဘက် ကမ်းတောင်ရိုးပေါ်ဝယ် ဓာတ်ဘုရားတစ်ဆူကို ထမ်မံတည်ထား ကိုးကွယ်သည်တွင် ဓာတ်ဘုရားခြောက်ဆူ စေ့မြောက်ခဲ့လေသည်။

ရေငန်ပိုင်း၌ ဓာတ်ဘုရားခြောက်ဆူရှိခဲ့ပြီး လက်ခုပ်ကုန်းရွာမှဘုရားကို လောကဓာတ်ဘုရား၊ ကျွန်းကုန်းမြို့မှဘုရားစေတီကို လေးဒေါင့်ကန်ဘုရားဟူ၍ ကမ္ပည်းတပ် ဘွဲ့တော် သမုတ်ခဲ့ကြပြီး ရေချိုပိုင်းမှ ဘုရားနှစ်ဆူကို စမတောင်ဘုရားနှင့် မိဖုရားကုန်းဘုရားဟူ၍ လည်းကောင်း၊ ကမ္ဘောဇနယ်မှ ဓာတ်ဘုရား နှစ်ဆူအနက် ငါးဘတ်အင်းရွာမှဘုရားကို မယ်နဲဘုရား၊ သစ်ချဆိပ်ရွာအနီးမှ ဘုရားကို 'မယ်နဲ့မောင်'စေတီတော်အဖြစ် ခေါ်ဝေါ် ကမ္ပည်းသမုတ်ကြသည်။

လူပြိန်းမျက်စိဉာဏ်ဖြင့်ကြည့်လျှင် ဂေါတမဘုရားရှင် လက်ထက်ကပင် ကမ်းခြေ တစ်လျှောက်တွင် တည်ထားခဲ့သော ဆံတော်ရှင်ခြောက်ဆူဘုရားများ ဟုတ်မဟုတ်ဟူသော အချက်အလက်များပင် ဖြစ်ပါသည်။

ပထဝီအရ လေ့လာသုံးသပ်ကြပါစို့၊ မြန်မာပြည်၏ တောင်ပိုင်း၊ တောင်ပိုင်း ပင်လယ် ကမ်းခြေသည် တိမ်၍တိမ်၍ မြေနုကျွန်းများထွန်းကာ တောင်ဘက်ဆီသို့ ရွေ့လျားလာကြ သည်ကို တွေ့ရပေလိမ့်မည်။ ဘုရားရှင် လက်ထက်က နှစ်ပေါင်းသန်းချီ၍ ချိန်ဆလိုက်လျှင် (ဆကောသဓာတုခြောက်ဆူ) တည်နေရာမှန်မမှန်ကို အဖြေပေါ်နိုင်လိမ့်မည်။ ထို့ကြောင့်လည်း မသိသူ ကျော်ကာသွား၊ သိသူကဖော်၍ စားဟူသော စကားပုံက သက်သေခံနေပါတော့ သည်။

နောင်တစ်ခေတ် စာဒကတက်စရာ မေးစရာများရှိပေလိမ့်မည်။ ဆရာကြီး ဦးသာနွဲ့ ပြောပြချက်များသည် ယုံကြည်စရာ သက်သေခံများ ရှိသလော၊ မှန်နိုင်သလောဟူသော မေးခွန်းများပင် ဖြစ်ပါသည်။ ထိုအခါ စာရေးသူ၏ အကြောင်းရင်းကို မသိသူများလည်း ရှိပေလိမ့်မည်။ သိသူများကလည်း အင်မတန်ကို ယုံကြည်ခဲ့သလို လက်တွေ့သမားစစ် လည်း ဖြစ်ခဲ့သည်။ သခင်မြ၊ သခင်စိုး၊ သခင်သန်းထွန်းတို့၏ ရုပ်ဝါဒသဘောတရား သင်တန်းကိုလည်း အကြိမ်များစွာ တက်ရောက်လေ့လာခဲ့သူဖြစ်သည်။ ရုပ်ဝါဒကို ယုံကြည် ၍ ပစ္စည်းမဲ့ အောင်ပွဲခံနိုင်ရေးကိုရှေးရှု၍ တောခိုကာ လက်နက်စွဲကိုင်ခဲ့ဖူးသူလည်း ဖြစ်သည်။

လက်တွေ့ကျမှ ကိုယ်တွေ့မျက်မြင်တွေ့ရ၊ သိရမှယုံကြည်သော လူတစ်ယောက် ဖြစ်သလို ၃၁ ဘုံ ဆရာကြီးအဖေနွဲ့နှင့် လက်ပွန်းတတီး နေထိုင်လေ့လာခဲ့ရာမှ အမှန်တရား အလင်းရောင်ကို ပြန်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

## စမတောင်တော်သို့

ဆရာသခင် အဖေနွဲ့နှင့် ကျွန်တော်သည် မည်သည့်စီးပွားရေးကိုမှ မလုပ်တမ်း တစ်နှစ်ကျော် အုတ်တွင်းမြို့ မိုးကောင်းဘုရားအနီးတွင် လောကုတ္တရာလုပ်ငန်းစဉ်များကို လုပ်ကိုင်ကာ လေ့လာခဲ့သည်။ ကျွန်တော့်အနေနှင့် အဖေနွဲ့၏ထူးခြားကြီးမားသော မေတ္တာ ဓာတ်ကို ကောင်းစွာသိရသလို အဖေနွဲ့၏ ကမ္မဝိဒ္ဓိတန်ခိုးတွေကိုလည်း ကောင်းစွာ သိရှိခွင့် ရသည်။

ကျွန်တော် သိရသည့်အတိုင်း အပြည့်အစုံ မဖော်ပြလိုပါ။ ဖော်ပြအစီရင်ခံရလျှင် ယုံသူတွေရှိသလို မယုံသူတွေက များပြားလာပြီး ဆရာကြီးအကြောင်းကို အမျိုးမျိုး ဝေဖန် လာကြလတ္တံ့။ သူတော်ကောင်းကြီးတစ်ဦးကို မတော်တဆ စိတ်ကွက်မိသော စေတနာ စိတ်ဓာတ် ပုတ်ခတ်စကားများကြောင့် အပြစ်တွေ များစွာရှိကြကုန်သလို နစ်မွန်း ကြပေလိမ့် မည်ကို စိုးရိမ်သောကြောင့် လွယ်လွယ်နှင့် သင့်တော်သော အဖြစ်အပျက်များကိုပဲ 'သာမာန်' အနေနှင့် ရေးသားအစီရင်ခံရပေလိမ့်မည်။

အဖေနွဲ့သည် လောကုတ္တရာလုပ်ငန်း ဝိပဿနာရင်းကို လုပ်ကိုင်ရင်း တစ်ဖက်က . (ဆကောသဓာတုဘုရားခြောက်ဆူ)ကို စေတီကျောင်းကန်ဇရပ်များအဖြစ် ရောက်ရှိရန် မနား မနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တစ်နေ့တွင် အဖေနွဲ့ တာဝန်ပေးထားသည့် အုတ်တွင်းမြို့ အရှေ့စွန်းရှိ မိုးကောင်း ဘုရားဇရပ်အတွင်းဝယ် ခေတ္တနေထိုင်သည့် ဆရာကြီးဦးပု အပါအဝင် ကျွန်တော်နှင့်တကွ အုတ်တွင်းမြို့နယ်ပါရမီရှင်များ စုစုပေါင်း လေးဆယ့်ငါးယောက်တို့သည် ညအချိန်အထိ အချိန်မှတ် သတ်မှတ်ပေးသည့် သဆောဖြင့် ဖယောင်းတိုင်တစ်ဝက်ကို ထွန်းညှိ၍ ဝိပဿနာ လုပ်ငန်းများကို အာနာပါဏနည်းအရ ထိုင်လျက်လုပ်ကိုင်စေသည်။

mgyoe.com

mgyoe.com

အဖေနွဲ့ တရားအားထုတ်သည့် ပရိသတ်များနောက်မှ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်လျက် ဆေးပြင်းလိပ်တစ်လိပ်ကို သောက်ကာ သူ၏တပည့် သားမြေးများ အခြေအနေကို အကဲခတ်နေပါသည်။ တရားနှလုံးသွင်းနေသူများအနက် အမျိုးသမီးအချို့လည်းပါဝင်ကြသည်။ စ၍ အာနာပါဏနည်းအရ ဝင်လေထွက်လေကိုမှတ်ပြီး မငြိမ်သော အနိစ္စတရားကို ဆင်ခြင်ကြသည့် တစ်ပြိုင်နက် စည်းကျိုးသောပုဂ္ဂိုလ်များ ဝိတက် ဝိစာရ တရားတွေကို ပေါ်လာကြသည်။

တချို့ကလည်း တစ်ချိန်လုံး ၎င်းဖော်ပြပါကိစ္စများကို သတိမေ့ခဲ့ရာမှ ယခုကဲ့သို့တရားအားထုတ်သည့် ကာလကျမှပင် နေ့ခင်းက လုပ်ငန်းကိစ္စ၊ လယ်ယာကိစ္စများကိုပြန်သတိရကာ 'အဖျက်'လုပ်ငန်းများအဖြစ် ပေါ်ပေါက်လာကြသည်။

ကိုယ့်စိတ်အတွင်းမှ ဖြစ်ပျက်သမျှတွေကို စိတ်တင်းကာထိုင်လျက် ရှင်းလင်းနေသည်ကို သာမာန်လူအချင်းချင်း ဘယ်သူမှ ရိပ်မိသိနိုင်အံ့နည်း။

သို့ရာတွင် အဖေနွဲ့သည်လှမ်း၍....

"မောင်ကျော်တင် .... တရားဘက်ကို ပြန်နှလုံးသွင်းပါ။ မင်းကြိုးနဲ့ ချည်ထားခဲ့တဲ့နွားတွေဟာ ချည်တိုင်က ပြန်မလွတ်ပါဘူး။ ဘယ်လိုမှ စိတ်မစောပါနဲ့၊ တရားထဲ ရောက်အောင် နှလုံးသွင်း"

ဟူ၍ ဖော်ပြပါ နွားကိစ္စ ရောက်နေသည့် ကိုကျော်တင်ကိုလှမ်း၍ အချိန်မီပြုပြင်ရန် အမိန့်ပေးလိုက်သည်။ တစ်ဖန်လည်း ဦးပု၏ဇနီး ဒေါ်ဖွားသင်သည် နေ့ခင်းကာလ ချက်ပြုတ်ခဲ့သည့် အရေးအခင်းတွင် နနွင်းဘူးကိုဖွင့်ခဲ့ရာမှ ပြန်မပိတ်ခဲ့သည့် အရေးနှင့် နနွင်းဘူးကြွက်တွေဝင်ခဲ့ပြီးလျှင် ကြွက်ချေးတွေ ရောနေတော့မည်ဟူသောဝိတက်တွေ ဝင်နေသည်ကို အဖေနွဲ့လှမ်း၍....

"နနွင်းထက် တရားထဲကို စိတ်ပြန်သွင်းပါ။ နနွင်းဘူးထဲ ကြွက်မဝင်ဘူး၊ မဟုတ်တာတွေ စိတ်မရောက်နဲ့"

ဟူ၍ သတိပေးလိုက်ပြန်သည်။

ဆရာကြီးတပည့်ရင်းဖြစ်သော ဦးအောင်တင်အဖို့၌ ကျွန်းကုန်း ဒိုက်ချောင်းဖြူရွာတွင် ကျန်ရစ်ခဲ့သည့် ချစ်ဇနီးဒေါ်သိုက်ဆီသို့ စိတ်အာရုံတွေ ရောက်နေသည်တွင် အဖေနွဲ့သည်....

"ဟဲ့.... ဟိုကောင်အောင်တင်၊ ခုအထိ မိုက်ချင်တုန်းလား၊ နင့်မိန်းမနဲ့ အိပ်တဲ့အချိန်မဟုတ်ဘူး၊ ခြင်ထောင်ထဲကို ဝင်တော့မယ့်စိတ်တွေ နောက်ဆုတ်၊ တရားဘက်ကို အာရုံပြု'

mgyoe.com

mgyoe.com

ဟူ၍ လှမ်း၍ခေါက်ငမ်းကာ ဆုံးမသွန်သင်လိုက်ပေသည်။ ဆရာကြီးသည် သူတစ်ပါး၏ စိတ်အလိုကို မျက်ခြည်မပြတ်တမ်း အမြဲတမ်းလိုက်၍ သိရှိတတ်သော တန်ခိုးသတ္တိကို ကျွန်တော်ကိုယ်တိုင် ထိုအချိန်မှစ၍ သိရှိ မှတ်သားမိပါသည်။

ကျွန်တော်သည် ဦးဘပုတို့နှင့် ဇရပ်တွင်နေထိုင်ရင်း နံနက်ခင်း ဘုရားရှေ့ရင်ပြင်ဝယ် ပေါင်းရှင်းမြက်ရှင်း လုပ်ရ၏။ တံမြက်စည်းလှဲရ၏။ စားသောက်ရသည့် ထမင်းဟင်းများ ကလည်း အမှန်အတိုင်းဝန်ခံရလျှင် သိပ်အရသာ မရှိလှပါ။ စားဖြစ်ရုံ ထမင်းဟင်းများ ဖြစ်ခဲ့ပါသည်။ ကော်ဖီ၊ လက်ဖက်ရည်အချိုတို့ကို မမြင်ရပါ။ လက်ဖက်ရည်ကြမ်း၊ ထမင်း ကြမ်း၊ တစ်ခါတစ်ရံ ဘူးသီးကြော်များနှင့်သာ နံနက်စာကိစ္စကို ဖြည့်ခဲ့ရပေ၏။ ကျွန်တော့် အနေနှင့် ပါလာသည့် ငွေကြေးလည်း ကုန်ခမ်းခဲ့ပြီး ငွေပြတ်ခဲ့ပါသည်။ ဆရာဦးဘပု ဆေးဝါး ကုသခနှင့် ရသည့်ကြေးငွေနှင့်ပင် ကျွန်တော်တို့ ပါရမီရှင်များက အားနာစရာဘဝနှင့် မှီခိုစားသောက်နေပါသည်။ တစ်ခါတစ်ရံ နံနက်စာဆန်ရှိပြီး ညစာအတွက် ဆန်မမြင်ရပါ။ သို့ရာတွင် ညစာအတွက် ဆန်ကို ချင့်ချိန်ပြီး ရောက်လာတတ်သည်ကို တွေ့ရပေ၏။ ကျွန်တော့်အနေနှင့် ဤမျှစိတ်မချမ်းသာလှပါ။ ကျွန်တော့်အား ဆရာကြီးအဖေနွဲ့က တရား သာ အားထုတ်ခိုင်းပါသည်။ ဘယ်မှမသွားရန် တားမြစ်ခဲ့ပြီး အဖေနွဲ့သည် ရေတာရှည် မြို့မှတစ်ဆင့် အရှေ့ဘက်မယ်ဘက်ကိုဖြတ်ကာ မြစ်ကိုကူးပြီး ကမ္ဘောဇနယ်မြေမှ ဓာတ် ဘုရားနှစ်ဆူအနက် မယ်နဲ့စေတီကို ပြန်လည်တည်ရန် ခရီးထွက်သွားပါသည်။

ကျွန်တော်သည် ဆရာကြီးမရှိခိုက် မြင်တွေ့ရသည့် အစားဆင်းရဲမှုကြောင့် မည်သူ့မှ အသိမပေးဘဲ ရန်ကုန်သို့ ပြန်သွားရန် စိတ်ထဲမှ ကြံစည်မိပါသည်။ နှစ်ရက်သုံးရက် အတွင်းပြန်ရန် ရက်ပိုင်းကိုလည်း ကန့်သတ်ခဲ့ပါသည်။ သို့ရာတွင် နောက်တစ်နေ့ ရေတာရှည်ဘက်မှ ရထားဆိုက်ပြီးချိန်တွင် မယ်နဲဘုရားမှ တာဝန်ခံအစ်ကိုကြီး ဦးဖေကြွယ် သည် ဆန်တစ်စိတ်နှင့် ဟင်းရွက်ဟင်းစည်းကြီး ပခုံးပေါ်ထမ်းပြီး ကျွန်တော်တို့ တရား ကျင့်ရာနေရာ ဇရပ်ပေါ်သို့ ရောက်ရှိလာပါသည်။

ဆရာကြီးဦးဘပုက ဦးဖေကြွယ်ကို အကျိုးအကြောင်း မေးမြန်းနှုတ်ဆက်ပြီး ဆရာကြီး အမိန့်စကားရှိလိုက်သည်။ ကလေးကို ခေါ်ပါဟုပြောသည်။ ထိုအချိန်က ကျွန်တော့်အား ဥသံဆရာကြီးအဖေနွဲ့သည် သားအဖြစ်လက်ခံ၍ တရားကျင့်ခိုင်းထားသူဖြစ်၍ အဖေနွဲ့က ကျွန်တော့်ကို ကလေးဟု ခေါ်ဝေါ်ထားသည်။ အမိပွာယ်မှာ ငယ်ရာမှကြီးလာရမည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းလည်း ပြောပြခဲ့ပါသည်။

ဆရာဦးဘပုက ကျွန်တော့်ကို ဘုရားရှေ့ တံမြက်စည်းလှည်းနေရာမှ လှမ်းခေါ်ပြီး

mgyoe.com

mgyoe.com
ဦးဖေကြွယ်သည် ကျွန်တော့်ကို စေ့စေ့ကြည့်လိုက်ပြီး...

"ကလေးကို ဆရာကြီး မှာလိုက်တယ်။ စားရသောက်ရ ကျပ်တည်းလို့ ကလေး စိတ်ပျက်ပြီး ဘယ်မှထွက်မသွားရဘူး။ ဆန်တွေ အများကြီးရှိတယ်။ ကျုပ်ကို ဆရာကြီးက ဆန်တစ်စိတ်နဲ့ ဟင်းချက်စရာ ငွေငါးကျပ် ပေးလိုက်တယ်....."

ကျွန်တော်၏ စိတ်အတွင်း၌ ကြံစည်ထားပုံကို တပ်အပ်ပြောပြကာ ရန်ကုန်ပြန်ရေး အစီအစဉ်ကို ဖျက်လိုက်စေပါသည်။

"ခင်ဗျားကို တစ်ကြိမ်တစ်ခါက ပိုက်ဆံ–ပိုက်ဆံ မမှတ်၊ ငွေကို မမြင်၊ စည်းမရှိ ဝါးမရှိ သုံးခဲ့လွန်းလို့ အဘဆရာကြီးက မှတ်လောက်အောင် ဆုံးမဒဏ်ခတ်ထားတာဗျ...."

ဦးဖေကြွယ်က ပြောလိုက်ပြီး....

"ဒီလို အစားဆင်းရဲ အနေဆင်းရဲတာသိမှ ခင်ဗျားလို အထက်တန်းကနေ လာတဲ့ လူတွေ ဒုက္ခသစ္စာရဲ့ အရိပ်အမြွက်ကိုသိမှာ ဝမ်းနည်းမနေနဲ့...."

ခပ်ဘွင်းဘွင်းပင် ပြောလိုက်သည်။ ဆရာဦးဘပုက ကျွန်တော့်အား ဆရာကြီးဆီက ပြန်ခွင့်မရဘဲ ရန်ကုန်ကိုပြန်ရန် စိတ်ကူးသလားဟု မေးလိုက်မှပင် ကျွန်တော်သည် အမှန်အတိုင်း ဝန်ခံလိုက်ရပေ၏။

သူတစ်ပါးစိတ်အတွင်းမှ ကြံစည်မှုကို သိတတ်သော မနောမယပညာရပ် သို့မဟုတ် အဘိညာဉ်ခြောက်ပါးတွင်ပါသော ပရိယဆိုအပ်သော သူတစ်ပါး၏ စိတ်အတွင်း အကြံအစည်ကိုပင် သိမြင်နိုင်စွမ်းသော တန်ခိုးသတ္တိသည် အဖေနွဲ့၌ ရှိနေသည်ဖြစ်ကြောင်း ကျွန်တော်က တစ်ထစ်ချ ယုံကြည်လိုက်ပါသည်။

ကျွန်တော်သည် အဖေနွဲ့ညွှန်ကြားသော ဝိပဿနာလုပ်ငန်းစဉ်ကို ဆက်တိုက် လုပ်ကိုင်ရန် ကြိုးစားခဲ့ပါတော့သည်။

တစ်နှစ်စေ့၍ ကျွန်တော့်အား ရန်ကုန်သို့ပြန်၍ နေရေး၊ ထိုင်ရေး လုပ်ငန်းများအတွက် စီစဉ်လုပ်ကိုင်ခဲ့ပြီး မကြာခဏပင် အချိန်အားလပ်ခွင့်ရတိုင်း အဖေနွဲ့ရှိရာ အုတ်တွင်းမြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။ တစ်ခါတွင် အဖေနွဲ့နှင့် အုတ်တွင်းမှာတွေ့ဆုံကာ လုပ်ငန်း လုပ်နေစဉ်တွင် အဖေနွဲ့က...

"ငါ့ရဲ့ဆရာလည်း ဖြစ်တယ်၊ ငါ့ရဲ့သူငယ်ချင်း ကိုရင်ဝတ်ဖက်လည်းဖြစ်တဲ့ ညောင်လေးပင် တောရပ်ကျောင်းဆရာတော်ကြီး အုတ်တွင်း ကန်လေးကျောင်းကို ကြွလာလိမ့်မယ်။ မင်းတို့တရားသွားနာကြ...."

ပြောကြားလိုက်သည်။ မကြာမီ ညောင်လေးပင်မြို့မှ အဂ္ဂပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
mgyoe.com

mgyoe.com

ညောင်လေးပင် တောရကျောင်း ဆရာတော်ကြီး ဦးအရိယသည် အုတ်တွင်းမြို့သို့ ကြွရောက်လာတော်မူသည်။ ဦးဘပုနှင့် ကျွန်တော်တို့ နှစ်ဦးသည် ဆရာတော်ကြီးကို သွားရောက်ကန်တော့ရာတွင် 'အဝိဇ္ဇာ'တရား အကြောင်းကို ပါဠိတစ်လုံးမှမပါဘဲ နားလည်သဘောပေါက်အောင် ဟောကြားလိုက်ပါသည်။ ဆရာတော်ကြီး ဟောကြားပုံမှာ အင်မတန် သိမ်မွေ့သလို အဓိပ္ပာယ်လည်း ပါပါပေ၏။

'တစ်ခါက ပြောရအုံးမယ် ဒကာတို့ရဲ့၊ ဘုန်းကြီးရဲ့ ခယ်မတော်တဲ့ မန္တလေး လူထုဦးလှရဲ့မိန်းမ ဒေါ်အမာက ဘုန်းကြီးကိုလာလျှောက်တယ်။ အဝိဇ္ဇာဆိုတဲ့ စကားလုံးကိုသူမနားလည်အောင် ဟောပြပါတဲ့၊ ဒေါ်အမာဟာ ဒကာတို့သိတဲ့အတိုင်း ခေတ်ပညာဘီအေအောင်မြင်တဲ့ ဒကာမတစ်ဦးကိုး၊ 'အဝိဇ္ဇာ'ဆိုတဲ့ အဓိပ္ပာယ်ကိုပေါက်အောင် ဟောပြရှင်းရရင် လေးငါးရက်နဲ့လည်း ပြီးနိုင်မှာမဟုတ်တဲ့ ပါဠိတွေနဲ့ ဟောရရင်လည်း ဒကာမတွေရဲ့အာရုံဟာ ငြီးငွေ့သွားမှာလည်း စိုးရတယ်။ ဒါကြောင့် ဘုန်းကြီးက ခက်နေတဲ့ အဝိဇ္ဇာဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဟောလိုက်ရတယ်။

"ဟဲ့ ဒကာမရဲ့၊ မင်းတို့ခေတ်ဆန်တဲ့ ခေတ်ပညာတတ် အမျိုးသမီးတွေဟာ အဆင်ဆန်းကလေး အထည်သစ်လေးတွေ ပေးလာတိုင်း ဝတ်ချင်စားချင်ကြတယ်၊ နှုတ်ခမ်းနီပါးနီ ဆိုးချင်လှချင်ကြတယ် မဟုတ်လားလို့ ဘုန်းကြီးက မေးလိုက်တဲ့အခါ ဒေါ်အမာကဟုတ်ပါကြောင်းလို့ဖြေတယ်"

အဲဒီတော့ ဘုန်းကြီးက ဟဲ့ဒကာမ မှတ်ထား၊ ဝတ်ချင်စားချင်တဲ့ ချင်ခြင်းမှန်သမျှဟာ ကြွားဝါစိတ်တွေပဲ။ အဲဒီလိုအခါ စိတ်တွေမှန်သမျှဟာ အဝိဇ္ဇာချည်းပဲ မှတ်ပေတော့၊ အဲဒါ အဝိဇ္ဇာအဓိပ္ပာယ်'ဟု ဟောကြားတော်မူ၏။

အမှန်မှာ ဆရာတော်ကြီးသည် ဒေါ်အမာကို တရားဟောသလိုလိုနှင့် ဆရာကြီး ဦးဘပုနှင့် ကျွန်တော်တို့ တရားနာပရိသတ်တို့အား အဝိဇ္ဇာနှင့် တဏှာကို ဖယ်ရှင်းရန် လိမ်မာပါးနပ်စွာဖြင့် နားထဲရှင်းသွားအောင် တရားဟောပြတော်မူခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ဦးသည် တရားနာရာမှ ပြန်ရောက်လာပြီး အဖေနွဲ့ကို ဦးအရိယာဟောကြားသည့် တရားများအကြောင်းကို ပြန်ပြောကြားရာ အဖေနွဲ့သည်....

"အဲဒီပုဂ္ဂိုလ်ဟာ ဘုရားကိုယ်တော်ကြီးရဲ့ချစ်သား သံဃာအစစ်ပဲကလေး၊ ကောင်းကောင်းမှတ်ထား...."

ပြောကြားလိုက်ပြီး အနည်းငယ် စဉ်းစားလိုက်ပြီးနောက်–

"ကိုယ်တော်ကြီးဟာ ကျမ်းတွေရေးပြီးပြီ၊ သူ့ကိစ္စပြီးပြီ၊ ပျံလွန်တော်မူလိမ့်မယ်။

mgyoe.com

mgyoe.com

မောင်ဘပုနဲ့ကလေး…”

ရုတ်တရက် လွှတ်ခနဲ အမိန့်ရှိလိုက်သည်တွင် ကျွန်တော်တို့နှစ်ဦးစလုံး အံ့အားသင့်သွားပါသည်။ ညောင်လေးပင်ဆရာတော်ကြီးသည် ဝဝဖြိုးဖြိုး ကျန်းကျန်းမာမာ ဖူးတွေ့ရပေ၏။

“မှတ်ထားကြကွယ်တို့၊ ငါတည်ပြီးတဲ့ သာဝတ္ထိမိဖုရားကုန်းစေတီတော်ကို ဆရာတော်ကြီးကိုယ်တိုင် အနေကဇာ တင်ရလိမ့်မယ်။ တင်ပြီးရင် သိပ်မကြာဘူး၊ ဆရာတော်ကြီး ပျံလွန်တော်မူရင် သူ့ကိစ္စပြီးပြီလို့မှတ်လို့…’

ထပ်မံ၍ အဖေနွဲ့က အမိန့်ရှိပါသည်။

နောက်ခြောက်လကြာ (ဆကေသဓာတုဘုရားခြောက်ဆူ)အနက် ရေချိုပိုင်းဆိုင်ရာ သာဝတ္ထိကားလမ်းဘေးရှိ အဖေနွဲ့ဦးစီး တည်ထားသည့် မိဖုရားကုန်း စေတီတော်ကြီးကို ညောင်လေးပင် ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်၍ အနေကဇာတင်ပေးခဲ့သည်။ ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး စီးပွားရေးလုပ်ငန်းကို လုပ်နေစဉ်တွင် ညောင်လေးပင် တောရကျောင်း ဆရာတော်ကြီး ကျောင်းကနေ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက် ကုသကြောင်း သတင်းစာ၌ ဖတ်လိုက်ရပါသည်။ မသက်သာ၍ ဆေးရုံမှ ဆင်းသွားပြီးနောက် မကြာမီပင် ညောင်လေးပင်မြို့၌ပင် ပျံလွန်တော်မူကြောင်း သိလိုက်ရပေ၏။

ပုဂ္ဂိုလ်တစ်ဦး၏အသက်ပိုင်းတွင် ရှေ့ဖြစ်နောက်ဖြစ်ကို ဇေဒင်ပညာမကူစတမ်း ခုတွေ့ ရက်တွေမမေးဘဲ အဘိညာဉ်ဖြင့် သိရှိနိုင်သော ၃၁ ဘုံ ဆရာကြီး အဖေနွဲ့၏ ထူးခြားချက်များအနက် စာဖတ်ပရိသတ်က သိသင့်သိထိုက်သော အကြောင်းအရာ ‘သာမာန်’လောက်သာ ဖော်ပြအစီရင်ခံလိုက်ရပေ၏။

၃၁ ဘုံ ဆရာကြီးအဖေနွဲ့သည် အုတ်တွင်းဓာတ်ရင်းတွင် စခန်းပြု၍ ဓာတ်ဘုရားခြောက်ဆူ ဖြစ်မြောက်ရေးအတွက် ဆရာကြီးကိုယ်တိုင် ဝေနေယျ ပုဂ္ဂိုလ်များနှင့် ပါရမီရှင်များ၊ တပည့်များဆီမှ အစပြု၍ ‘သဒ္ဒါသရွေ့’ ငွေကြေးအလှူခံယူကာ အုတ်ထုံးသရိုး စသည်တို့ကို ဝယ်ယူကာ ဆကေသဓာတု ဖြစ်မြောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ၃၁ ဘုံ ဆရာကြီး ဘုရားဟော တရားများကိုသာ ကျွန်တော်တို့ အားလုံးအား ကြိုးစားအားထုတ်ရန် မကြာခဏ သတိပေးသည်။

ပုတီးစိပ်ခြင်း၊ သမထထိုင်ခြင်း၊ ဝိပဿနာတရားကို အားထုတ်ခြင်းများကို မနားမနေ ပြုကျင့်ခိုင်းလေ့ရှိပြီး တစ်ခါတစ်ရံတွင် မဟိဒ္ဓိပညာရပ်များ အကြောင်းနှင့် စပ်လျဉ်း၍ ပြောလာခဲ့လျှင်….

mgyoe.com

mgyoe.com

"ဘယ်လောက် တန်ခိုးကြီးတဲ့၊ မြေလျှိုးမိုးပျံတဲ့ ဝိဇ္ဇာဓိုရ်ဖြစ်စေ၊ သေခြင်းတရားကို မလွန်ဆန်နိုင်ဘူး။ မဟိဒ္ဓိပညာရပ်တွေထက် နိဗ္ဗာန်ရောက်ကြောင်းတရားကို အဓိကထားပြီး အားထုတ်ကြိုးစားကြ၊ ဥပမာ.... ဘာနဲ့တူသလဲဆိုရင် မင်းတို့က နိဗ္ဗာန်ဆိုတဲ့ မန္တလေး ဘူတာကြီးကို ရည်မှတ်ပြီးရောက်ဖို့ လက်မှတ်ယူပြီး ရထားစီးသွားကြရင် မင်းတို့ သိချင်မြင်ချင်တတ်ချင်တဲ့ မဟိဒ္ဓိပညာ၊ ဝိဇ္ဇာဓိုရ်ပညာတွေနဲ့အတူ ပျဉ်းမနားဘူတာ၊ သာစည် ဘူတာတွေကို မဝင်ချင်လည်း မနေရဘူး။ ဝင်ရပ်ရပြီး နိဗ္ဗာန်နဲ့တူတဲ့ မန္တလေးကို ရောက် အောင် ခရီးဆက်နိုင်တယ်။ ဒါမှမဟုတ်ဘဲ နိဗ္ဗာန်ဆုကို မူလနဂိုကတည်းက မရည်မှန်းဘဲ မဟိဒ္ဓိဝိဇ္ဇာလောက်သာ နားလည်ပြီး မန္တလေးဘူတာကို လက်မှတ်မယူဘဲ ပျဉ်းမနား လောက်၊ သာစည်ဘူတာ လက်မှတ်ယူရင် အဲဒီ ဘူတာတွေနဲ့တူတဲ့ ဝိဇ္ဇာဓိုရ်ပညာလောက်နဲ့ သာ မင်းတို့စခန်းတွေ၊ ဘဝတွေ ရပ်သွားကြလိမ့်မယ်။ ဘယ်ဘဝ၊ ဘယ်ပညာမှ မမြဲဘူး မှတ်ထားကြ၊ နိဗ္ဗာန်ရွှေပြည်သာ ထာဝစဉ် တည်ကြည်တယ်၊ ခိုင်မြဲတယ်၊ အေးချမ်းတဲ့ဘဝ တစ်ဖန်မမြင်တော့ဘူး" စသည်ဖြင့် ဟောပြောဆုံးမခဲ့သည်။

ငါလုပ်ကိုင်တဲ့စခန်းက အရိယာဝိဇ္ဇာစခန်း၊ ဓမ္မဝိဇ္ဇာစခန်းဖြစ်တယ်။ ဖိုထိုးတာတွေကို၊ အင်းကစားတာတွေကို အဓိကမထားဘူး၊ တရားကျင့်တာတွေကို အဓိကထားတယ်။ ဓမ္မဝိဇ္ဇာ လမ်းတို့ကို ဘယ်ကစလာလဲလို့ ပြန်ပြောရင် သထုံပြည် မနူဟာမင်း လက်ထက်မှာ ရဟန္တာ ကိုယ်တော်မဟိန္ဒ ကြွရောက်လာပြီး ချမှတ်ခဲ့တဲ့ အရိယာဝိဇ္ဇာလမ်းစဉ် ဖြစ်တယ်' စသည်ဖြင့် ဓမ္မဝိဇ္ဇာလုပ်ငန်းစဉ် အကြောင်းကိုလည်း ပြန်ပြောကြားခဲ့သည်။

'ဝိဇ္ဇာဆိုတိုင်း သံသရာ ကိစ္စမပြီးဘူး၊ ဝိဇ္ဇာဆိုတာ သီလမြဲဖို့ အရေးကြီးတယ်၊ မူလ ကိုယ်ခံမှာရောရှိထားရင် မင်းတို့ ဘာကြီးဖြစ်နေနေ အကုသိုလ်တွေ မလုပ်တော့ဘူး၊ အကုသိုလ်ကင်းရင် ငရဲကင်းတယ်၊ ငရဲကင်းရင် အပါယ်တံခါးပိတ်တယ်။ လောကီ ကုသိုလ်နဲ့ လောကုတ္တရာကုသိုလ် နှစ်ဌာနပေါင်းပြီး အသင်္ခတဓာတ်နိဗ္ဗာန်ကို တက်လှမ်းနိုင် အောင် ကြိုးစားကြ' စသည်ဖြင့် ဂိုဏ်းကျင့်တရားရေးနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။

ပါရမီရှင်များအနက် သံ၊ ပြဒါး၊ အင်း၊ ဆေး စသည့် ဝါသနာပါသူ များစွာရှိရာ အဖေနွဲ့သည် ၎င်းပုဂ္ဂိုလ်များနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း အမိန့်ရှိသည်။

'ပါရမီရှင်တွေ၊ သူတော်ကောင်းတွေဟာ အဓိကလိုအပ်တဲ့ အခြေခံပညာဟာ 'သမာဓိ' ထူထောင်ဖို့ပဲ ဖြစ်တယ်။ ဒါကြောင့် သီလထိန်းကြ စောင့်ကြတယ်၊ သမာဓိရှိမှ ပညာ စခန်းဖြစ်တယ် မှုကွဲတရားကို ရနိုင်တယ်။ သမာဓိရှိမှ ပညာစခန်းဖြစ်တယ် မှုကွဲနေတယ်။ လောကီပညာ ယူမလား၊ လောကုတ္တရာပညာ ယူကြမလားဆိုတဲ့ လောကီပညာဟာ

mgyoe.com

mgyoe.com

လမ်းမဆုံးပါဘူး၊ တန်ခိုးကြီးတာ မှန်ပါတယ်။ သံသရာ လည်တတ်တယ်၊ ပုထုဇဉ် မကုန်နိုင်တဲ့ ဘဝအခြေအနေမှာ ရှိနေတာကိုး၊ လောကုတ္တရာပညာဟာ မဟာသောတာပန်အဆင့်လောက် ရောက်ရင်လည်း အရင်းမဆုံးတော့ဘူးပေါ့။ ခုတော့ ခက်နေတာက သမာဓိတရားက နှစ်ပြားသား မရှိဘူး၊ သံထိုးချင်တာနဲ့ စာလိုက်ပါဦး၊ သံကောင်းကောင်းရလို့ သံထိုးတယ်၊ ပြဒါးထိုးတယ်၊ ဓာတ်လုံးဟာ တကယ်ကောင်းလာတဲ့အခါမှာ တစ်ဖက်က အဖျက်သမားတွေ လက်ဝဲမဟိဒ္ဓိတွေက အဲဒီဓာတ်လုံးတွေက သူတို့တန်ခိုးသတ္တိ၊ ကမ္မဇိဒ္ဓိနဲ့ လာယူတော့ ပါသွားရောပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်လုံးပိုင်ရှင်ဟာ သမာဓိခိုင်တာနဲ့ အကြားအမြင် နတ်မျက်စိ၊ နတ်နားမရတော့ ဂိုဏ်းဆက်တန်ခိုးမရရှိတဲ့ ဇော်ကနီတွေ၊ ကဝေတွေကစပြီး လက်ဝဲမဟိဒ္ဓိတွေ လာယူတာ မမြင်ရတော့ ဓာတ်လုံးကို ခိုးမှန်း၊ ယူမှန်း မသိလိုက်ကြဘူး။ စိတ်ထိခိုက်ပြီး ရှုးကြပြန်ရော၊ ဒါကြောင့် ခင်ဗျားတို့ သံလုံးဓာတ်လုံး ထိုးချင်ရင် အဓိကမဏ္ဍိုင်ဖြစ်တဲ့ သမာဓိ ပထမရအောင် ထူထောင်ကြပါ။ သမာဓိအကြား အမြင် စိတ်ထဲမြင်တဲ့ နတ်မျက်စိ နတ်နားတွေရမှ ဂိုဏ်းရှေ့လုပ်ငန်းစဉ်နဲ့ ဓာတ်လုံးကို နှောင့်ယှက်သူတွေဘေးက ကာကွယ်စောင့်ရှောက်နိုင်မှာကိုး'

တစ်မျိုး ဆုံးမသွန်သင်ခဲ့လေသည်။

"ကျုပ်ကိုကြည့်၊ ကျုပ်အခု တရားလုပ်ငန်းလုပ်တော့ ဆိုင်ရာက ပထမဦးဆုံး သံသေလုံးကို ချပေးတယ်။ ကျုပ်က ဘာမက်မှာလဲ၊ ဘုရားတည်တဲ့အခါ သံသေလုံးကို ဌာပနာပစ်လိုက်တယ်။ နောက်ဒုတိယ စမ်းပြန်တယ်၊ ပြဒါးလုံးကို ချပေးတယ်၊ ဘာမက်မှာလဲ ဘုရားတည်တဲ့အခါမှာ ဌာပနာပစ်လိုက်တယ်။ အဲဒီတော့ အထက်ကဆရာကြီးတွေက၊ ပုဂ္ဂိုလ်ကြီးတွေက ကျုပ်ရဲ့ စွဲလမ်းနှစ်သက်တဲ့ဟာ ပြဒါးသံ မဟုတ်ဘဲ တရားလိုင်းသက်သက် ဖြစ်မှန်းသိတော့မှ သူတို့ပေးစရာတွေ အကုန်ပေးတယ်။ ဒါပေမဲ့ ကျုပ်ဟာ ကျုပ်တောင်းထားတဲ့ သမ္မာသမ္ဗောဓိဆုကြီးနဲ့ တရားလောက်မှ မမက်ပါဘူး" စသည်ဖြင့် အဖေနွဲ့အဖို့ ဖိုတစ်ချက်မထိုးရဘဲ၊ ဓာတ်ပစ္စည်း တစ်ပြားသား မရှာရဘဲ၊ သံလုံး၊ ပြဒါးလုံးရခဲ့ပုံတွေနှင့် သူ၏ အဓိဋ္ဌာန်ကို ပြောပြခဲ့ပါသည်။

တစ်ခါကလည်း အဖေနွဲ့၏ ရပ်ဝေးတပည့်များသည် ဝိဇ္ဇာခိုရ်ဆိုတာ တန်ခိုးကြီးပုံများ၊ စွမ်းရည်များကို ဆွေးနွေးငြင်းခုန်ကြသည်တွင် အဖေနွဲ့သည် ဇရပ်အတွင်းမှ ထွက်လာပြီး...

'လူတွေက ကိုယ့်တရား အားထုတ်တာ မဟုတ်ဘူး။ အကျိုးမရှိတဲ့ စကားတွေ ပြောနေတယ်၊ သမာဓိ အားကြီးပျက်တယ်'

mgyoe.com

mgyoe.com

အပြစ်တင်လိုက်ရာ ခပ်လည်လည် တပည့်တစ်ဦးက အရဲစွန့်၍.....

"ဝိဇ္ဇာတွေ ဘယ်လောက် တန်ခိုးကြီးတယ်ဆိုတာ မသိလို့ ပြောနေတာပါ အဘ"

ပြောလိုက်ရာ အဖေနွဲ့သည်–

"ဘယ်လိုဝိဇ္ဇာ တန်ခိုးကြီးကြီး၊ ဘယ်ပညာရပ် ဘယ်လိုစွမ်းစွမ်း ဓမ္မဝိဇ္ဇာ၊ အရိယဝိဇ္ဇာကို မလွန်ဆန်ဝံ့ပါဘူး။ တကယ့်အရေးမှာ ကြိုးကိုင်တာက ဓမ္မဝိဇ္ဇာ ဖြစ်တယ်၊ ဓမ္မဝိဇ္ဇာအလိုရှိတဲ့ ကိစ္စမှန်သမျှကို ဝိုင်းပြီး ပါရမီဖြည့်ပေးနေရတာကလား။ မှတ်ထားကြ၊ ဂန္ဓာရီဝိဇ္ဇာ သုံးလမ်းရှိတယ်။ မဟာဂန္ဓာရီ၊ စူဋဂန္ဓာရီ၊ ဇနပဒဂန္ဓာရီ ဆိုပြီး ဝိဇ္ဇာသုံးမျိုးခွဲထားတယ်။

ဇနပဒဂန္ဓာရီက အောက်ခြေကစပြီး တက်ရတယ်၊ အင်မတန် အောက်ကျတယ်ကွယ်။ ကတော်ကြီးတွေ၊ ၃၇ မင်းကစပြီး တစ်ဆင့်စီတက်ရတယ်။ စူဋဂန္ဓာရီက မူလဖိုလ်ဝင်လုပ်ငန်းကွဲ့၊ ပြဒါး–သံအင်း ဆရာတွေပေါ့၊ အလယ်အလတ်လမ်းဖြစ်တယ်။ မဟာဂန္ဓာရီက အရိယာဝိဇ္ဇာဆန်တယ်၊ မန္တာန်ဆေးဝါး စမနဲ့ ထွက်ကြတယ်" ခပ်တိုတိုပင် ပြောကြားခဲ့သည်။

ခင်ဗျားတို့ သိတဲ့အတိုင်း အကြောင်းရှိလာရင် ကျုပ်သုံးတာက ဘုရားရဲ့ အက္ခရာတွေ စ–ဓ–ဗ–ဝ စမတွေပဲ မဟုတ်လား။ အရေးကြီးဆုံးက လောကဓာတ်ကို နိုင်ဖို့လိုတယ်၊ သိဖို့လိုတယ်၊ ဘယ်ဥစ္စာဖြစ်ဖြစ် ဓာတ်နဲ့ပတ်သက်တဲ့ ပစ္စည်းချည်းပဲ။ လောကဓာတ်ဆရာဆိုတာ သိပ်ရှားတယ်၊ လောကဓာတ်ပိုင်ရင် ကမ္ဘာကြီးကို ပိုင်တာပဲ...."

စသည်ဖြင့် ပညာရပ်များအကြောင်းကို ပြောပြပါသည်။

"ခင်ဗျားတို့ ထင်နေကြတယ်၊ ဝိဇ္ဇာတွေဟာ သူတို့ကိစ္စပြီးတာနဲ့ သိဒ္ဓိမြောက်တာနဲ့ လုပ်ချင်ရာလုပ်၊ သွားချင်ရာသွား၊ နေချင်ရာနေ၊ ပျော်ချင်ရာပျော်ဖို့ ဝေးပါသေးတယ်၊ အတွင်းက အုပ်ချုပ်ကြိုးကိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ရှိနေတယ်၊ သူတို့မှာ တစ်ကွက်ကလေး မအားလပ်အောင် သာသနာရေး၊ ကမ္ဘာရေးကိစ္စတွေ လုပ်ဆောင်နေကြတယ်။ ဒီတော့ သူတို့မှာ မပြီးမြောက်ခဲ့တဲ့၊ မပြည့်သေးတဲ့ သမထဘက်၊ ဝိပဿနာဘက်ကိုလည်း တစ်ဖက်တစ်လမ်းက အားထုတ်နေတယ်။ သိပ်မသက်သာလှဘူး။ အသက်ရှည်တာ၊ အနာကင်းတာ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် အစာရိက္ခာ မကျွာရတဲ့ ဒုက္ခတွေပဲကင်းတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို တရားရအောင် သစ္စာလေးပါးနဲ့ ကြည့်ကြပါလို့ တိုက်တွန်းနေရတာကလား....."

mgyoe.com

mgyoe.com

## ပါရမီရှင်ဆရာကြီး

အဖေနှဲ့နှင့် ကျွန်တော်သည် အင်္ဂလိပ်ပြန်၍ မြန်မာပြည်အတွင်းသို့ ဝင်ရောက်နှစ်ကုန်ခါနီး၌ ပထမအကြိမ် တွေ့ရှိရပေ၏။ ကျွန်တော်သည် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဦးစီးကာ ပျဉ်းမနားမြို့တွင် ရဲဘော်ရဲဘက်များ၏ အရေးကို ငဲ့ကွက်၍ နိုင်ငံရေး လုပ်ကိုင်ခဲ့သည်။ တစ်နေ့တွင် သာဝတ္ထိကြံဖိုစုတွင် နေထိုင်ပြီး တို့ဗမာသခင်ကြီးတစ်ဦး ဖြစ်ခဲ့သူ သခင်ဘိုးလှုသည် ကျွန်တော့်ဆီသို့ အသက်ငါးဆယ်ကျော်ရှိ အသားဖြူဖြူ ရုပ်ချောချော ဆံပင်ရှည်ကိုထုံး၍ အုပ်ဆောင်းပေါင်းထားသည့် ပုဂ္ဂိုလ်တစ်ဦးကို ခေါ်ဆောင်လာခဲ့ပါသည်။

ထိုပုဂ္ဂိုလ်၏ ဝတ်ဆင်ပုံကို ကြည့်ရသည်မှာ တစ်မျိုးပင်၊ အလ်ပါတ်ကား တိုက်ပုံအင်္ကျီအနက်၊ ရှပ်လက်ရှည် ဝတ်ဆင်လျက်၊ ခါးတွင် ပိုးလုံချည် တစ်ပတ်နွမ်းတစ်ထည်ကို ဝတ်ထားလျက် ခြေနှစ်ဖက်တွင် ခြေအိတ်စွပ်ကာ ရှူးဖိနပ်အနက်တစ်စုံကို စီးနင်းထားသည်။ ရွှေမျက်မှန်တစ်လက်ကို မျက်စိတွင် တပ်ထားပြီး ထူးခြားချက်မှာ များစွာ ဣန္ဒြေရသလို မျက်နှာအမူအရာမှာ တည်ငြိမ်လှပါပေ၏။

ဦးဘိုးလှုက ထိုပုဂ္ဂိုလ်သည် အုတ်တွင်းမြို့မှ ဆရာကြီးဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ ကျွန်တော်၏ မိခင်နှင့်ဖခင်တို့သည် အုတ်တွင်းမြို့ဆရာကြီးကို ကိုယ်တိုင် မဖူးတွေ့ရသော်လည်း အုတ်တွင်းဆရာကြီး၏ ပုတီးစိပ်နည်းနှင့် စမအင်းများကို ယခင်ကာလမှပင် လက်ခံထားကြသူများ ဖြစ်ပါသည်။

ကျွန်တော်က သခင်ဘိုးလှုအား ၎င်းဆရာကြီးက မည်သို့အလုပ်လုပ်သလဲ၊ မည်သည့် လုပ်ငန်းစဉ်ကို လက်ခံပါသလဲဟု မေးမြန်းမိရာ သခင်ဘိုးလှုသည် ကျွန်တော့်ကို ပြုံးကြည့်လိုက်ပြီး...

mgyoe.com

mgyoe.com

"ကျုပ်တို့ ဆရာကြီးက တစ်မျိုးပဲ၊ ဘုရားတွေတည်ပြီး ပုတီးစိပ်၊ ကမဋ္ဌာန်းထိုင်တဲ့ အလုပ်ကိုလုပ်တဲ့ သူတော်ကောင်း ဓမ္မဝိဇ္ဇာလမ်းစဉ်ကို လက်ခံလုပ်နေတဲ့ ဆရာကြီးဗျ...."

ခပ်တိုတိုနှင့် ပြောလိုက်သည်။

ကျွန်တော် ယခင်က ကြားဖူးသော အထက်လမ်းဆရာများသည် အများအားဖြင့် ပိတ်ဖြူဝတ်ကာ၊ လည်ပင်းတွင် ပုတီးကြီးတွေဆွဲကာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးကားကားနှင့် လက်မှ တောင်ဝှေး ဆွဲကိုင်ထားကြသည့် ရုပ်အဘိဓာန်အသွင်ကို တွေ့မြင်ခဲ့ရသည့်အတွက် ယခုကဲ့သို့ တောအရပ်မှ လူကုံထံ အဝတ်အစားမျိုးဖြင့် တွေ့ရသော သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်ဆရာကြီးအား ရုတ်တရက် အကဲခတ်၍ မရနိုင်အောင် ရှိနေပါတော့သည်။

ဦးဘိုးလူက ကျွန်တော့်အား သာဝတ္ထိသို့ ခဏလိုက်ခဲ့ရန် ခေါ်နေသည်ကြောင့် ကျွန်တော်သည် အုတ်တွင်းဆရာကြီးနှင့် ဦးဘိုးလူတို့ နောက်သို့ လယ်ဝေးမြို့မှတစ်ဆင့် သာယာကြီးရွာတွင် နံနက်စာစားရင်း လိုက်ခဲ့သည်။ သာယာကြီးရွာတွင် ကျွန်တော်၏ ရဲဘော်ရဲဘက် သခင်ရေးကြီးအိမ်တွင် သခင်ရေးကြီးက အုတ်တွင်းဆရာကြီးကို ယခင်ကပင် ချဉ်းကပ်ခဲ့သည့်အလျောက် နံနက်စာကို ကျွေးမွေးသည်။ ကြက်သား၊ ငါးပိရည်၊ အတို့၊ ဟင်းချိုရည်များဖြင့် ကျွေးမွေးရာ အုတ်တွင်းဆရာကြီး ဦးဘိုးလူ၊ ကျွန်တော်တို့သည် နံနက်စာကို စားသောက်ခဲ့ပြီး ဦးဘိုးလူတို့ အိမ်ရှိရာ ကြံဖိုစုရွာသို့ ဆက်လက်ခရီးထွက်ခဲ့သည်။

အုတ်တွင်းဆရာကြီးသည် ကျွန်တော့်အား ပုတီးစိပ်သည့်လုပ်ငန်း လုပ်ကိုင်ဖို့ မေးမြန်းရာ ကျွန်တော်လည်း ရံဖန်ရံခါ ပုတီးစိပ်ခဲ့ကြောင်း ဝန်ခံလိုက်ပြီး ကောင်းသည့်အလုပ်၊ သာသနာပြုသည့်လုပ်ငန်းကို လက်ခံပါမည့်အကြောင်း ကတိပေးပြောကြားလိုက်ရာ အုတ်တွင်းဆရာကြီးသည် ဦးဘိုးလူကို ငှက်ပျောသီးသုံးဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်းယာ၊ သောက်တော်ရေတစ်ခွက်နှင့် ဘုရားပွဲတစ်ပွဲ ပြင်ခိုင်းလိုက်ပြီး ကျွန်တော့်အား ၎င်းကရှေ့မှ ဝိဇ္ဇာ ဓမ္မလုပ်ငန်းစဉ်အတိုင်း ကျင့်ကြံကြိုးစား အားထုတ်ပါမည်အကြောင်း တိုင်ပေးသမျှကို ကျွန်တော်သည် ထိုင်၍ ဆိုလိုက်ရပေ၏။ ထို့နောက် နံ့သာဖြူ အနည်းငယ်သွေးကာ စမအင်းတစ်ချပ်ကို ပြာချ၍ နံ့သာဖြူတွင်ရောစ၍ ကျွန်တော့်အား စားသောက်စေပါသည်။

ကျွန်တော့်အား ကံငါးပါးအနက် ကံလေးပါးကို စတင်ထိန်းစေပါသည်။ သူများအသက်သတ်ခြင်းကို အချိန်ကာလ အပိုင်းအခြားအရ ခွင့်ပြုပေးထားကြောင်းကိုလည်း သိရပေ၏။ ထိုအချိန်အခါမှစ၍ ကျွန်တော်သည် ပါရမီရှင်တစ်ဦးဖြစ်လာခဲ့သလို ဆရာကြီးတပည့်တစ်ဦး ဖြစ်လာပါသည်။ ကျွန်တော့်၌ စိပ်ရန်ပုတီး ပါမလာသည်ကြောင့် ဦးဘိုးလူက ကြံဖိုရွာစု ၎င်း၏အစ်ကိုတော်သူ ဦးပျော့ဆီမှပင် ကြိမ်ပုတီးတစ်ကုံးကို အလှူခံ၍

mgyoe.com

mgyoe.com

ကျွန်တော့်အား ပုတီးစိပ်ရန်ပေးပါသည်။

ထို့နောက် ကြံဖိုစုရွာ တောင်ဘက်စူးစူး လှည်းလမ်းအတိုင်း အုတ်တွင်းဆရာကြီးက ဦးဆောင်၍ ကျွန်တော်တို့ သွားရောက်ကြပြီး တောင်ခပ်မြင့်မြင့်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။ တောင်ထိပ်မြေကြီးပေါ်တွင် အလယ်ဗဟိုမြေ ပေါက်စေတီတစ်ဆူကို တွေ့ရပြီး ဘေးလေးထောင့်တွင် စေတီငယ်တစ်ဆူစီကို ဖူးမြင်ရပါသည်။

သခင်ဘိုးလူက ကျွန်တော့်အား ၎င်းစေတီငါးဆူသည် အုတ်တွင်းဆရာကြီးက ပန္နက်ချ၍ တည်သော စမတောင်ဘုရားဟူ၍ ပြောကြပါသည်။ နောင်အခါတွင် တစ်နှစ်သုံးကြိမ်နှင့် သာသနာရေး လုပ်ငန်းများရှိသည့် ကာလ၌ ပရိသတ်မစဲအောင် ဘုရားဖူးတွေ့နေကြရသည့် စမတောင်စေတီတော်ကြီးအဖြစ်ကို ဖူးတွေ့နေရသည်။ ပထမ 'ကေသဓာတုခြောက်ဆူ' အနက် ရေချိုပိုင်းမှ စမတောင်ဘုရား ဖြစ်ကြောင်းကို ယခုမှပင် သိရပေတော့သည်။

ကျွန်တော်သည် အချိန်အားရတိုင်း အဖေနွဲ့ခြေရင်းသို့ အရောက်လာခဲ့ပြီး သမထဝိပဿနာ လုပ်ငန်းစဉ်များကို လုပ်ကိုင်ခဲ့သည့် နောက်ဝယ် 'ဆကေသဓာတု ဓာတ်ဘုရားခြောက်ဆူ'ကိုလည်း ထီးတော်တင်ခဲ့သည် အထိကိုပင်။

တစ်နေ့တွင် ကျွန်တော်သည် အိပ်မက်ကို မယုံကြည်သူ ဖြစ်ခဲ့သည့်အတိုင်း ထူးထူးခြားခြား အိပ်မက်မက်ခဲ့လေသည်။ ထူးဆန်းသော အိပ်မက်ထဲတွင် အတော်ကြီးမားသော စေတီတော်ကြီးများ ထီးတော်တင်ပြီးသည့် နောက်တွင် ဆွမ်းတော်ကပ်သံ၊ အရဏ်တက်၍ ကြေးစည်တုံးမောင်းများ ခေါက်သံများကို ကြားရပြီး အိပ်မက်ထဲ၌ အဖေနွဲ့ကို တွေ့ရပါသည်။

အဖေနွဲ့က ကျွန်တော့်အား 'ငါကိစ္စရှိတာနဲ့ ခပ်ဝေးဝေးတောကို သွားနေရဦးမယ်၊ ငါမရှိတဲ့ကြားကာလမှာ ဟောဒီပုဂ္ဂိုလ်က မောင်ဘအုန်း၊ မင်းကို တာဝန်ယူပြီး စောင့်ရှောက်လိမ့်မယ်'

ကျကျနန မှာကြားခဲ့ပြီး နှုတ်ခမ်းမွေးကျင်စွယ်နှင့် ပိတ်ဖြူဝတ် ပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြသည်။ ထို့နောက် ကျွန်တော်သည် အိပ်ရာမှလန့်နိုးပြီး တစ်ခါမှ မမက်ဖူးသော အိပ်မက်အကြောင်းကို စဉ်းစားမိစဉ် တစ်ညလုံး မပျော်နိုင်တော့ချေ။ အကြောင်းမှာ ကျွန်းကုန်းမြို့တွင် လေးထောင့်ကန်စေတီအနီး လောကဓာတ်တိုက်နေသော အဖေနွဲ့ နေမကောင်းသည့်သတင်းကို ကြိုတင်ကြားသိရသည့်အတွက်ပင်။ ထို့နောက် နောက်တစ်နေ့ တပ်မတော်ပညာရေးဌာနနှင့် ကျွန်တော် အမှုထမ်းနေရာမှ ခွင့်ယူပြီး ကျွန်းကုန်းသို့ မီးရထားနှင့်ထွက်လာခဲ့သည်။ ကျွန်တော်၏ရည်ရွယ်ချက်မှာ အဖေနွဲ့အား ကျွန်တော်တို့ကို ပစ်ခွာမ

mgyoe.com

mgyoe.com

သွားရန် တောင်းပန်ရန် ဖြစ်ပါသည်။

ကျွန်းကုန်းသို့ နေ့ချင်းရောက်ခဲ့ပြီး အဖေနွဲ့မျက်နှာကို မြင်ရပြီး ကန်တော့လိုက်ပြီးနောက် ကျွန်တော်၏ လာခဲ့သည့်ရည်ရွယ်ချက်ကို ကျွန်တော်သည် လုံးဝမေ့ပျောက်သွားပါတော့သည်။ ဤလိုနှင့်ပင် ကျွန်တော်၏ တောင်းပန်ရန် ကိစ္စကိုပင် မေ့ပျောက်ပြီး ရန်ကုန်သို့ ပြန်ခဲ့ရသည်။ ရန်ကုန်ရောက်မှ ကျွန်တော် ကျွန်းကုန်းသို့ သွားသည့်ကိစ္စကို သတိရသည်။ နောက်တစ်ကြိမ် ခွင့်ယူပြီး ကျွန်းကုန်းသို့ ဘာပဲဖြစ်ဖြစ် အဖေနွဲ့ကို တောင်းပန်မည်ဟူသော စိတ်အားခဲ၍ သွားပြန်၏။ ပထမနည်းတူ အဖေနွဲ့ မျက်နှာကိုမြင်ပြီး ကန်တော့ပြီးစဉ် ကာလ၌ ကျွန်တော်၏ မူလရည်ရွယ်ချက်သည် တစ်မုဟုတ်ခြင်း မေ့ပျောက်ခဲ့ရပြန်ပါသည်။ ရန်ကုန်သို့ ဒုတိယအကြိမ် ပြန်လာပြီးမှ အဖေနွဲ့အား မတောင်းပန်ရသည့်အဖြစ်ကို သတိရသည်။ သို့ရာတွင် ကျွန်တော်သည် ခွင့်ယူ၍ မရတော့ချေ။

နောက်ဆုံးကာလအကြာတွင် အဖေနွဲ့သည် သာဝတ္ထိမိဖုရားစေတီနှင့် အင်းသာ ကမ္မဋ္ဌာန်းတိုက်များကို မကျန်းမာလျက် အပြီးဆောက်လုပ်စေပြီး ကျွန်းကုန်းသို့ ပြန်သွားကြောင်း ကြေးနန်းရသည်။ ကျွန်တော်သည် မရမက ခွင့်ကိုယူပြီး ကျွန်းကုန်းသို့ လိုက်ခဲ့ရာ မီးသင်္ဂြိုဟ်ပြီးသော အဖေနွဲ့၏ အရိုးပြာကိုသာ မျက်ရည်ကျဆင်းရင်း ကန်တော့ခဲ့ရပေ၏။

အဖေနွဲ့၏ အမိန့်အရ ၎င်းအနိစ္စရောက်လျှင်လည်း နေ့ချင်းထုတ် အရှေ့အရပ်တွင် မီးသင်္ဂြိုလ်ရန် ကျကျနန မှာကြားခဲ့သည့်အတွက် ဆရာကြီး ဦးဘပုတို့ တပည့်ကြီးများက စီစဉ်လိုက်ရခြင်းဖြစ်သည်။ တပည့်အကြီးဆုံး ဦးဘိုးလူကိုလည်း စမတောင်တွင် လုပ်ငန်း စစေပြီး သူ၏ရှာပနကိစ္စတွင် မလာရောက်ရန် တားမြစ်အမိန့်ပေးခဲ့ကြောင်းကိုလည်း သိရှိရပါတော့သည်။

ကျေးဇူးရှင်အဖေနွဲ့သည် ကျွန်တော်တို့ တပည့်အပေါင်း ပါရမီရှင် တပည့်အပေါင်း တို့အား မကြာခဏ မှာကြားဆုံးမခဲ့ဖူးသည်။

"ငါဆုံးမတဲ့အတိုင်း ကျင့်ကြံပြီး တရားဖက်တဲ့ ငါ့တပည့်တွေဟာ ငါမရှိတဲ့နောက်မှာ ထာဝစဉ် ငါနဲ့ မကွဲမခွာတမ်း တွေ့စေရမယ်။ ငါ့စကား နားမထောင်တဲ့ တပည့်တွေဟာ ငါ့လုံ့ချည်စကို အတင်းဆွဲလိုက်ပေမယ့်လို့ ငါပြောဆိုတဲ့ တရားလုပ်ငန်း မကျင့်ကြံရင် စကြဝဠာခြားနေလိမ့်မယ်"

ဟူသော ဩဝါဒစကားကို ကျွန်တော့်အနေနှင့် ယုံကြည်စွာဖြင့် အဖေနွဲ့ ချမှတ်ခဲ့သည့် ဓမ္မဝိဇ္ဇာ လုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံးခဲ့ရပေ၏။ အဖေနွဲ့သည် ၎င်းမကွယ်လွန်မီ ၃၁ ဘုံ ပါရမီလုပ်ငန်းများနှင့် လက်စမသတ်ရသေးသော လုပ်ငန်းလက်ကျန် အားလုံး
mgyoe.com

mgyoe.com
ကိစ္စအဝဝကို သာဝတ္ထိပိုင်နက် ကြံဖို့ရွာတွင် သခင်ဘိုးလူခေါ် ဆရာဘိုးလူအား လက်ဝါး ရိုက်၍ လွှဲအပ်ကာ အာဏာကုန် နှင်းလေ၏။

ပါရမီရှင်များ လူသူတော်များနှင့် ဓမ္မဝိဇ္ဇာစခန်း မဟိဒ္ဓိစခန်းမှ တပည့်ကြီး ပညာရှင် လေးထောင်ကျော်အနက် ထူးခြားစွာ ဆရာဦးဘိုးလူကို အဖေနွဲ့က တာဝန်အရပ်ရပ် အာဏာကုန် လွှဲအပ်ခြင်းမှာ အင်မတန် အဓိပ္ပာယ်ရှိသလို နက်နဲလှပေ၏။

နေမြင်လမြင် ဆရာကြီးပီပီ မည်သည့်တပည့်သည် ၃၁ ဘုံ ဆရာကြီး၏လုပ်ငန်းစဉ်ကို လက်ခံနိုင်မည့် ပညာမျက်စိဖြင့် အကဲခတ် သိရှိဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

အဖေနွဲ့၏ မကြာမကြာ ဆရာအတင်မမှားစေရန် သတိပေးချက်ကို ကြားယောင် နေပါသည်။

"ခင်ဗျားတို့ ပါရမီရှင်တွေ ဆရာအတင် မမှားကြစေနဲ့၊ ဆရာအတင်မှားရင် အဇာတသတ်မင်း ကြည့်လေတော့၊ ဒေဝဒတ်ကို ဆရာအတင်မှားတာနဲ့ အဇာတသတ်မင်းပါ အချောင်ငရဲကျရတယ်။ ဒါကြောင့် ကျုပ်ကို အရမ်းမကိုးကွယ်ပါနဲ့၊ အကဲခတ်ပါ၊ အတွင်း အပြင် လေ့လာပါ၊ သစ္စာမရှိဘဲ မယုံကြည်ဘဲ ဟန်ဆောင်ပြီးလည်း ကျုပ်ကို မဆည်းကပ် ကြပါနဲ့။ အချိန်မရွေး နေရာမရွေး ကျုပ်ကို စမ်းသပ်ပါ"

ပြတ်သားစွာ ပြောလေ့ ဆုံးမလေ့ရှိသည်။ အဖေနွဲ့၏ သစ္စာလေးပါးကို ဟောရာ၌ 'ပြောတာကိုဖယ် ဟောတာကိုဖယ်၊ မနော‌ပါရင် အလကားပဲ၊ လူတစ်ကိုယ်မှာ စိတ် တစ်ခုကို နိုင်အောင်ထိန်းပါ၊ စိတ်ကိုနိုင်ရင် ဝဋ်ကလည်း ချုပ်တယ်၊ အပယ်လည်း ကင်း တယ်၊ မရဏနဲ့ မိတ်သဂကံ ဒီကံနှစ်ကံကို နိုင်နင်းရင် အပယ်မလားစေရဘူး"စသည်ဖြင့် ဟောပြော ဆုံးမခဲ့လေသည်။

အဖေနွဲ့၏ ဝတ်စားဆင်ယင်ပုံသည် နောင်အခါ ကျွန်တော်ကောင်းစွာ သဘော ပေါက် သိရှိပြီး ကျွန်တော့်အတွက်မှာ အထင်မှားမိခြင်းကို ဝန်ချကန်တော့ တောင်းပန်ရ ပေ၏။ ပါရမီရှင် တပည့်တစ်ဦးက အဖေနွဲ့အား သူဝတ်ထားသည့် တိုက်ပုံအင်္ကျီ အရောင် နုနုကို အဖေနွဲ့အား သဒ္ဓါထက်၍ အဖေနွဲ့က မည်သို့မျှ စကားရိပ်မပြဘဲ စေတနာအလျောက် လှူလိုက်ပါ။ အဖေနွဲ့ကို ထိုအလှူရှင်၏ စေတနာနှင့်သဒ္ဓါကို ချီးမြှောက်ခြင်းအားဖြင့် နေရာမဆိုင်းတမ်း သူ၏ တိုက်ပုံအင်္ကျီအဟောင်းကိုချွတ်ကာ အရောင်လွင်လွင်နှင့် တိုက်ပုံ အင်္ကျီကို အလှူရှင်ရှေ့တွင် ဝတ်ဆင်ကာ မေတ္တာပို့ဆုတောင်း၏။ ဘယ်တပည့်က ဘယ်လို ပစ္စည်းလှူလှူ ဘယ်လိုဖိနပ်ပဲလှူလှူ လက်ခံ၏။ ဝတ်ဆင်အသုံးပြုသည်။ ဒီအဆင် ငါနဲ့ မလိုက်ဘူး၊ ဒီဖိနပ်စီးလာရင် ငါ့ကို လူတွေက ဘယ်လိုထင်လိမ့်မယ်ဟူ၍ မရှိ၊
mgyoe.com

mgyoe.com

အလျှာရှင်၏ စေတနာသဒ္ဓါကို များစွာလေးစားပြီး လှူသမျှ ဝတ်ဆင်ထားခြင်းသာ ဖြစ်ပါ၏။

သူ၏အင်္ကျီဟောင်း ၊ လုံချည်ဟောင်းများကို အဖေနွဲ့သည် တပည့်များ၏ သမာဓိကို ကြည့်ပြီးမှ ဝတ်ဆင်ရန် ချီးမြှင့်ပေးသနားလေ့ရှိသည်။ တချို့သော တပည့်များသည် အဖေနွဲ့မပေးဘဲ အဖေနွဲ့၏ လုံချည်၊ အင်္ကျီဟောင်းများကို အတင်းဝတ်ချင်လှပြီး အတင်းတောင်းဝတ်ကြရာ၌ စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး အိမ်၌မကပ်နိုင်သည့် အဖေနွဲ့၏ ကြီးမားသော ကမ္မဇိဒ္ဓိကို သိသာစေသည်။

တစ်ခါတစ်ရံ တန်ခိုးကြွဒ္ဓိပါဒ်၌ အဖေနွဲ့က ပြောကြားခဲ့ဖူးသည်မှာ ငါ၏ ဆရာတော်ကြီး မိတ္ထီလာ ရေလယ်ကျောင်းဆရာတော် ဦးတေဇသည် တန်ခိုးအဘိညာဉ်အရာ၌ အင်မတန် ကြီးမားလှသည်။ မိုးကြီးတစ်ကြိမ် ကြီးစွာ ရွာသွန်းပြီးနောက် ထိုမိုးကြီးအတွင်းမှ မိုးပေါက် ဘယ်နှပေါက် ရွာချသည်အထိ တွက်ချက်နိုင်စွမ်းရှိသည်ဟူ၍ မိန့်ခဲ့သည်။

'တစ်ခါက ဆရာတော် ဦးတေဇက ကြိမ်းဝါး အမိန့်ရှိခဲ့တယ်။ နတ်ပြည်မှာစံနေတဲ့ သိကြား မတရားလမ်းမှားခဲ့ရင်၊ လုပ်စရာရှိတဲ့ သာသနာရေးတာဝန်တွေ ပျက်ကွက်ခဲ့ရင် သိကြားကို သူ့နေရာနတ်ဘုံက လှုပ်ချပစ်မယ်'ဟူ၍ အဖေနွဲ့က ဆရာတော် ဦးတေဇ၏ သီလ၊ သမာဓိ၊ ပညာရပ်များကို ချီးကျူးကာ ကျွန်တော်တို့အားလုံး ပြောကြားခဲ့ဖူးပါသည်။

ကျွန်တော့်အား မီးရထားတွဲထဲတွင် ဝိုင်းအုံ၍ 'ဆကေသဓာတု' ဓာတ်ဘုရား ခြောက်ဆူနှင့်' ရှာဖွေပြီး ဓာတ်ဘုရားခြောက်ဆူကို တည်ခဲ့သည့် ဘုရားဒကာအကြောင်းကို မေးလာကြသည့် ရန်ကုန်မှ ပါရမီရှင်များကို ကျွန်တော့်အား ၃၁ ဘုံ ဆရာကြီးအဖေနွဲ့ ပြောဆိုမှာကြားခဲ့သည့်အတိုင်း ပြန်လည်၍ အပိုမပါတမ်း ရှင်းရှင်းလင်းလင်း ပြောပြလိုက် ရပေ၏။ မီးရထားကြီးကား ဖြူးဘက်သို့ တရွေ့ရွေ့နှင့် ကပ်လာတော့သည်။

ဖြူးဘူတာမှ လေးငါးဘူတာလွန်သည့် နောက်ဝယ် အဖေနွဲ့၏ ကမ္ဘာဓာတ်တိုင် စိုက်ရာ အုတ်တွင်းဘူတာသို့ မီးရထား စတင်ဝင်ရောက်ခဲ့သည်တွင် ကျွန်တော်တို့ ရန်ကုန်မှ ပါရမီရှင်များသည် အုတ်တွင်းမြို့အတွင်းရှိ ကုက္ကိုလ်ပင်များကြားမှ မိုးကောင်း စေတီတော် ကြီး၏ စိန်ဖူးတော်ကို စတင်၍ ဖူးတွေ့ကြပြီး ရထားတွဲပေါ်မှ လက်အုပ်ချီ ကန်တော့ လိုက်ရပေ၏။

ရထားကြီးသည် အုတ်တွင်းဘူတာတွင် ခဏသာရပ်ပြီး တောင်ငူ ဘူတာသို့ ဆက် လက်၍ မောင်းနှင်လာခဲ့ကြပြန်သည်။ တောင်ငူဘူတာကြီးကို လွန်မြောက်ခဲ့ပြီးနောက် ကြေးတောဘူတာ အပြီးတွင် ကျွန်းကုန်းဘူတာဆီသို့ ရထားကြီး ချဉ်းကပ်ခဲ့သည့်တွင် ဘူတာ၏အရှေ့ ကားလမ်းဘေးတွင် ထီးတော် တဝင်းဝင်းနှင့် လေးထောင့်ကျွန်စေတီ

mgyoe.com

mgyoe.com

တော်နှင့် အဖေနှဲ့အဖို့ တပည့်ပါရမီရှင်များ လှူဒါန်းခဲ့သည့် လောကဓာတ်ဖြူကိုလည်း ရထားပေါ်မှ ပါရမီရှင်များ ဖူးတွေ့ရပြန်ပါသည်။

ညနေစောင်းကာလ ငါးနာရီခွဲအချိန်တွင် ကျွန်တော်တို့ကို ဝတ္တရားကျေပွန်စွာ တင်ဆောင်လာခဲ့သည့် ပျဉ်းမနားအိပ် လော်ကယ်ရထားကြီးသည် သာဝတ္ထိဘူတာ အတွင်းသို့ ဆိုက်ကပ်လိုက်သည်တွင် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ရထားတွဲပေါ်မှ အလျင်အမြန် ဆင်းသူဆင်း၊ အပေါ်မှ အိပ်ရာလိပ် လျှဖွယ်တန်းဖွယ်ပစ္စည်းများကို ချပေးသူ ပေးနှင့် အတော်ကလေး သွက်လက်စွာ လုပ်ကိုင်ပြီး တွဲပေါ်ရှိ ပစ္စည်းတစ်စုံတစ်ရာ ကျန်မကျန် ကိုကြည့်လျက် ထွက်ခွာတော့မည့် မီးရထားပေါ်မှ ခပ်သုတ်သုတ် ဆင်းခဲ့ပေ၏။

ဘူတာထိပ်တွင် အဆင်သင့်ရောက်နေသည့် သာဝတ္ထိမြို့စခန်းစောင့် တာဝန်ခံ ဆရာပြုံး၏ စေလွှတ်ထားသည့် ကိုညီမောင် မောင်းနှင်လာသည့် လှည်းပေါ်သို့ ပစ္စည်း တွေကိုတင်ကာ လူများက ခြေကျင်ပင် သာဝတ္ထိမြို့မှ ရွာမရပ်သို့ တန်းထွက်လာခဲ့ကြသည်။ သာဝတ္ထိမြို့မှ ဆရာပြုံးနှင့် ဆရာကတော် ဒေါ်အမာတို့က ကျွန်တော်တို့အား ခရီးဦးကြိုပြုကာ လှည်းပေါ်မှ ပစ္စည်းများကိုပင် သားသမီးများအကူအညီဖြင့် သယ်ချပေးနေပါသည်။ ကျွန် တော်နှင့် ပါလာသည့် ရန်ကုန်မှ ပါရမီရှင်များကို ဧည့်ခံရင်း အားနာမှုမရှိကြရန် ပြောကြား ပါသည်။

ဆရာပြုံးသည် အဖေနှဲ့ကို ကောင်းစွာမှီသည့် တပည့်ကြီးတစ်ဦးဖြစ်ပြီး ၎င်း၏ဇနီး ဒေါ်အမာနှင့်တကွ 'ဓာတ်စုံ' အဖေနှဲ့၏ ပါရမီလမ်းကို ဝင်ရောက်၍ ဓာတ်ဘုရားခြောက် ဆူတည်ရာ၌ ကိုယ်တိုင်ကိုယ်ကျ အုတ်ထမ်း၊ သဲထမ်း၊ သရိုးလုပ် လုပ်ငန်းများကို လုပ်ကိုင် ခဲ့ရသူ ဖြစ်ပါသည်။ အဖေနှဲ့ အနိစ္စမရောက်မီ အဖေနှဲ့သည် ဆရာပြုံးနှင့် ကွယ်လွန် သွားရှာသော မြေတိုင်းအင်စပက်တော် ဦးဖိုးရွှန်းတို့ကို သူစားနေသော ဩဇာသီး တစ်ခြမ်းကိုပြ၍ 'စားမလား' ဟု မေးမြန်းလိုက်ရာ ဆရာပြုံးသည် အင်မတန် စဉ်းစားတတ် သော ပုဂ္ဂိုလ်တစ်ဦးပီပီ ...

"ဆရာကြီးပေးရင် စားပါ့မယ်"

ဟူ၍ အဓိပ္ပာယ်ပါပါနှင့် ဖြေကြားလိုက်ပါသည်။ နောက်တစ်ဖန် အဖေနှဲ့က ဩဇာသီးကိုပြရင်း ...

"စားနိုင်မှ စားနော် ..."

ဟူ၍ သတိပေးလိုက်ပြန်သည်တွင် ဆရာပြုံးသည် ထပ်မံ၍–

"ဆရာကြီးပေးရင် စားပါ့မယ်ခင်ဗျာ"

mgyoe.com

mgyoe.com

ဟူ၍ ထပ်မံဖြေကြားလိုက်ရာ အဖေနွဲ့သည် အနည်းငယ်စဉ်းစားပြီးမှ–

"ဒီလောက် သဒ္ဓါကောင်းရင် ဖြစ်ပါတယ်လေ၊ စားတော့ ..."

ဟူ၍ အဖေနွဲ့၏ လက်တွင်းမှ ဩဇာသီးတစ်ခြမ်းကို ဆရာပြုံးနှင့် ဦးဖိုးရွှန်းတို့ကို စားသောက်ခိုင်းလိုက်ပြီး ၎င်းတို့နှစ်ဦးအား နောက်အခါ စမတောင်ဘုရားသို့ ပါရမီရှင်များ တက်ရောက်ကာ တရားကျင့်သုံး ဖူးမြော်ကြလိမ့်မည်။ ထိုပရိသတ်အား စေတနာသဒ္ဓါ အတိုင်း အခတစ်ပြားမှမယူဘဲ ကျွေးမွေးစောင့်ရှောက်ရမည့် တာဝန်ကို ပေးအပ်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ယနေ့အထိ ဆရာပြုံးနှင့် ဆရာကတော် ဒေါ်အမာတို့သည် စမတောင် သို့ လာရောက်သမျှ ရပ်နီးရပ်ဝေးမှ ပါရမီရှင်များကို ထမင်းဟင်း၊ လက်ဖက်ရည်၊ ဆေးလိပ် တို့ကို ဧည့်ခံဝတ်ပြုနေရပေ၏။ ဤကား အဖေနွဲ့ အမွေပေးခဲ့သော ပါရမီဆယ်ပါးအနက် ဒါနအစစ်အမှန် ခန္တီမေတ္တာပါရမီများကို သားတပည့်များက ဆက်လက်၍ ဖြည့်စွက် ပေးနေရသော ပါရမီခန်းများပင် ဖြစ်ပေ၏။

ဆရာပြုံးနှင့် ဆရာကတော်တို့သည် ကျွန်တော်တို့အတွက် ညစာကို အဆင်သင့် ချက်ပြုတ်ထားရာမှ ပူပူနွေးနွေး ခူးခပ်ကျွေးမွေးရာဝယ် ရန်ကုန်မှ လူသစ်များအနေနှင့် အားနာပြီး တောင်ငူဘူတာ၌ ထမင်းဝယ်၍ စားခဲ့သူများရှိနေ၍ ထမင်းအတွက် တောင်း ပန်ရာ ကျွန်တော်ကပင် သူတို့အားလုံးကို ထမင်းပွဲအတွင်း လက်ဆွဲပြီး ဝင်ရောက် အစား ခိုင်းရပေ၏။ တစ်ဖန် ပါရမီရှင် ဆရာပြုံးတို့၏ ပါရမီများကို ကျွန်တော်တို့ ပါရမီရှင်များ အနေနှင့် အတတ်နိုင်ဆုံး ဖြည့်စွက်ခြင်းအနေဖြင့် ကျွေးမွေးသမျှကို အလှူခံရပေလိမ့်မည်။

မကြာမီ ဆရာနွဲ့ကြီး၏ သားတပည့်ကြီးများ ဖြစ်ကြသော သာဝတ္ထိရွာမှ ဦးအောင်ကြီး၊ ဦးချောတို့သည်လည်းကောင်း၊ အင်းသာရွာမှ ဆရာတင် အမှူးပြု၍ ဦးထွန်း အစရှိသည့် ပါရမီရှင် နောင်တော်ကြီးက လာရောက် နှုတ်ဆက်ကြသည်။ ဤပုဂ္ဂိုလ်ကြီးများသည် အဖေနွဲ့၏ လက်ရင်းတပည့်များ ဖြစ်ကြသလို ဓာတ် ဘုရားခြောက်ဆူကို အစအဆုံးတည် ခဲ့ကြသည့် ပါရမီရှင်ကြီးများ ဖြစ်ကြပါသည်။ ယခုတိုင်သော်လည်း အဖေနွဲ့၏ (၃၁)ဘုံ ပါရမီ လုပ်ငန်း ဆက်လက်လုပ်ကိုင်သည့် အဖေလူ၏ အမိန့်ကိုနာခံလျက် သာသနာရေးကိစ္စ၊ သိမ်ကျောင်းဇရပ်များကို ပြုပြင်လုပ်ကိုင်နေကြသူများ ဖြစ်ကြပါသည်။

ဓာတ်ဘုရားခြောက်ဆူကို စတင်၍ ရှာဖွေကြစဉ်ကပင် အင်မတန် အပင်ပန်းခံကာ ကိုယ့်စရိတ်စက အကုန်ခံပြီး အဖေနွဲ့၏အမိန့်ကို တစ်သဝေမတိမ်း နာယူကာ အစား အသောက် ဆင်းရဲစွာဖြင့် ဓာတ်ဘုရားခြောက်ဆူ ပြီးဆုံးသည်အထိ လုပ်ကိုင်ခဲ့ရသည့် ဓမ္မဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။ အဖေနွဲ့သည် လုပ်ငန်းအရေးကြီးလျှင် ကြီးသလို

mgyoe.com

mgyoe.com

ညမအိပ်တန်း ဘုရားလုပ်ငန်းများ လုပ်ကိုင်ရန် ခိုင်းစေလေ့ရှိသည်။

ကျွေးမွေးသည့် အစားအသောက်များ သက်ဆိုင်ရာဒေသမှ ပါရမီရှင်များ၏ သဒ္ဒါအရ ကျွေးမွေးပြုစုသည့် ထမင်းဟင်းများ ဖြစ်သလို အဖေနွဲ့နေထိုင်ရာ ကျွန်းကုန်း လောကဓာတ်တိုက်မှ အဖေနွဲ့က သူ၏တပည့်များကို တာဝန်ယူ၍ ကျွေးမွေးပြုစုသည်။ သာသနာရေး လုပ်ငန်းစဉ် လုပ်ကိုင်နေစဉ် ထမင်းကောင်း၊ ဟင်းကောင်းကို မမျှော်ရပေ။ ဟင်းချိုတစ်ခွက် ငါးပိရည်တစ်ခွက် တင်းတိမ်ပြည့်ဝရပေ၏။

ကျွန်တော်သည် ညဥ့်နက်အောင် သာသနာရေး လုပ်ငန်းများအကြောင်း၊ ဓာတ်စခန်းများ အကြောင်းကို ဆွေးနွေးတိုင်ပင်ပြီး အဖေနွဲ့ရှိစဉ်က မည်သို့ ဆောင်ရွက်ခဲ့ပုံများကို နောင်တော်ကြီးများ၏ ပြောပြချက်များကို နားထောင်ရင်း တော်တော်နှင့်ပင် မအိပ်နိုင်ပေ။ ပါရမီရှင် လူဟောင်းတချို့ပင် အဖေနွဲ့ ဟောပြောခဲ့သလို 'သေခြင်းတရား၏ အဓိပ္ပာယ်တို့ အရ အနိစ္စရောက်ခဲ့ကြပေပြီ။ ကျန်ရှိသော ပါရမီရှင်များက အဖေနွဲ့၏ အမိန့်ဩဝါဒကို ညီညာစွာလိုက်နာ ကျင့်သုံးလုပ်ကိုင်ရပေမည်တကား။

အဖေနွဲ့ ရှိစဉ်ကပင် စမတောင်တွင် ဓာတ်ဘုရားများ တည်ရာသို့ ထူးဆန်သော ပုဂ္ဂိုလ်များ၊ ဆရာများပါဝင်ခဲ့သည့် အကြောင်းများကို ပြောကြရင်း ည (၁၁)နာရီထိုးမှ အိပ်ရာထဲသို့ ဝင်ခဲ့ကြသည်။

အိပ်ရာဝင်ခဲ့သည်ဆိုရာ၌ မအိပ်မီ အဓိဋ္ဌာန်ပုတီးပတ်ကို ပြည့်စုံအောင် စိပ်ခြင်း၊ သမထဝိပဿနာ နာရီဝက်အထိ ထိုင်ကြပြီးမှ စိတ်ချလက်ချ အိပ်ကြခြင်း ဖြစ်ပါသည်။

လရောင်ကား အိမ်ခေါင်မိုးကိုလှပစွာထိုးလျက် ကိုးရပ်ကို မျှော်ကိုးလိုက်တိုင်း သာယာမှုကို ဖန်တီးနေပါတော့သည်။

နံနက်ငါးနာရီအချိန်တွင် အိပ်ရာမှထကြပြီး မျက်နှာသစ် ဘုရားဝတ်ပြုကြပါသည်။ ထိုနေ့ နံနက်မှစ၍ စမတောင်ပေါ်သို့ တက်ရောက်ကြရမည်ဖြစ်၍ သူများ၏ အသားအသွေး ကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရပေ၏။ ထမင်းကြော်၊ ကော်ဖီ၊ လက်ဖက်၊ ဘူးသီးကြော် များကို စားသောက်ကြပြီး ကိုညီမောင်နှင့် အဖော်တစ်ဦး မောင်းနှင်သည့် လှည်းနှစ်စီးပေါ်သို့ ပစ္စည်းများ၊ စတုဒိသာကျွေးမွေးမည့် အာလူးနှင့် သကြားလုံးများကို တင်ဆောင်လိုက်ရပေ ၏ ။

ထို့နောက် အဆင်သင့်ဖြစ်သည့် ကာလတွင် သာဝတ္ထိမြို့တွင် ရှိနေသည့် အဖေလူ၏ ဆရာကတော်ကြီး အမေအကြင်ကို သွားရောက် ကန်တော့ကြပါသည်။ အမေကြင်သည် သာဝတ္ထိမြို့သူကြီးနှင့် မြို့အုပ်ကြီး၏ သမီးဖြစ်ပြီး အဖေနွဲ့၏ တပည့်မကြီး တစ်ဦးလည်း

mgyoe.com

mgyoe.com

ဖြစ်ပါသည်။ အဖေနွဲ့ မကွယ်လွန်မီ အဖေနွဲ့ကိုယ်တိုင် သူ၏အရိုက်အရာကို ခံယူမည့် မုဆိုးဖို အဖေလှူနှင့် နေရာချထား ထိမ်းမြားပေးခြင်း ဖြစ်ပါသည်။

အမေကြင်က ဆုများပေးအပ်ကြရာ ကျွန်တော်တို့ ရန်ကုန်မှ ပါရမီရှင်များသည် ဝမ်းပန်းတသာခံယူကြပြီး အမေကြင်ကိုပါ ရှေ့ဆုံးဘက်မှ လှည်းပေါ်တင်ဆောင်ခဲ့ပြီး သာဝတ္တိ အနောက်ဘက်စူးစူး ပဲခူးရိုးမ၏ အရှေ့ဘက်ဆုံး တောင်စွယ်တောင်စွန်းတည်ရာ စမတောင်သို့တက်ကာ လှည်းနှစ်စီးဖြင့် ထွက်ခဲ့ကြသည်။ လှည်းစီးသူ အင်မတန်နည်းပါးပြီး ပစ္စည်းများကိုသာ မထမ်းမပိုး၍ တင်ဆောင်ခေါ်ယူခဲ့ရခြင်းဖြစ်ပေ၏။

ညို့ညို့မှိုင်းမှိုင်း မျှော်လေတိုင်းလည်း၊ မြူဆိုင်းရီကာ တောင်ခိုးဖြာလျက်၊ လွမ်းဆွတ်ဖွယ်ရာ ရှုမျှော်ခင်း ပန်းချီကားတစ်ချပ်အသွင်ကို ဆောင်၍နေပေတော့သည်။

လှည်းနှစ်စီးနောက်မှ ခြေကျင်လျှောက် လိုက်လာကြသည်။ ကျွန်တော်တို့ ပါရမီရှင်များသည် စကားတပြောပြောနှင့်လည်းကောင်း၊ တရားနှလုံးသွင်း၍ လည်းကောင်း၊ လယ်များကြား၌ ဖောက်လုပ်ထားသည့် ခြောက်ပေခန့်လမ်းပေါ်တွင် ကျော်လျက် လိုက်ပါလာကြသည်။

ပထမဦးဆုံး အုပ်ရှစ်ကုန်းရွာကို ဝင်ရသည်။ အဖေနွဲ့၏သားတပည့်ကြီး ဦးညွန့်ကို ရွာလယ်တွင်တွေ့ရှိရသည်တွင် ညီအစ်ကိုအရင်းထက် ခင်မင်ကြသည့် ပါရမီရှင်များ ဖြစ်သည့်အတိုင်း ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ထိုအုပ်ရှစ်ကုန်းမှတစ်ဆင့် ဆယ်ထောင်ရွာကို ဖြတ်၍ ကြံဖိုရွာဘက်သို့ လမ်းခွဲကာ မောင်းနှင်ခဲ့ကြသည်။ ကြံဖိုစုရွာသား ကျွန်တော်၏ ဓမ္မဝိဇ္ဇာပါရမီစခန်းသို့ ဝင်ရောက်ရာ ကျွန်တော်၏ အောင်မြေဌာန ဖြစ်ပါသည်။

အဖေနွဲ့၏ အရိုက်အရာကို ဆက်ခံသည့် အဖေလှူသည် ကြံဖိုစုရွာ ဇာတိဖြစ်ပြီး တစ်ချိန်က မြန်မာပြည် အလယ်ပိုင်းတွင် နာမည်ကြီးခဲ့သည့် ကျွန်တော်၏ တောတွင်း တပ်မှူးကြီးတစ်ဦး ဖြစ်ခဲ့သော ဗိုလ်အောင်ကြီး၏ မွေးရာဇာတိ ဖြစ်ခဲ့သည်။ တစ်ချိန်က အောင်ကြီး၊ ဘုန်းကြီးခေါင်းဆိုသည့် သူပုန်နှစ်ဦးသည် နောက်ပါများဖြင့် မြန်မာပြည် အစိုးရကို အကြီးအကျယ် စစ်မက်ပြုခဲ့သည့် ဒေသနယ်မြေတွင် ကြံဖိုရွာစုလည်း အပါအဝင် ဖြစ်ခဲ့ပေ၏။

အဖေလှူကား စမတောင်ပေါ်တွင် ကြိုတင်၍ ရောက်ရှိနေခဲ့သည့်အတွက် အဖေလှူ၏ အစ်ကိုကြီး 'အဘပြော့'ကို ဝင်ရောက်၍ ကန်တော့ရပေ၏။ သခင်ကိုယ်တော်မှိုင်းကြီး၏ မျက်နှာပေါက်မျိုး ရောင်ထုံးနှင့် ပိန်ပိန်ပါးပါး အဘပြော့သည် အဖေလှူနှင့်အတူ သာသနာရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခဲ့သည့် အဖေနွဲ့၏ အရင်းနှီးဆုံး တပည့်ကြီး ဖြစ်ခဲ့ပေ၏။

mgyoe.com

mgyoe.com

အဘပြော့သည် တစ်ကြောင်းတည်း ခရီးသွားသော ပါရမီရှင်ကြီး ဖြစ်ပေ၏။ သူသည် ဝိပဿနာ အလုပ်တစ်ခုကိုသာ ဖိ၍ လုပ်ကိုင်ခဲ့ပြီး အဖေနွဲ့၏ ပြောဆိုဆုံးမသည်ကို မြေဝယ်မကျ နားထောင်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် အဖေနွဲ့သည် ပါရမီရှင်များ ရှေ့တွင်....

"ကျုပ်ရဲ့ခြေရာကို တစ်ထပ်တည်းနင်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဟောဒီ ဆရာပြော့ တစ်ယောက်တည်းရှိတယ်"ဟူ၍ ချီးကျူးခြင်းခံရသူဖြစ်ပါသည်။ အဘပြော့ကား ဝိပဿနာစစ်သမား ဖြစ်သည်။ သူသည် မည်သည့်အခါမှ အိပ်မက် မမက်ကြောင်း သိရသည်။ တစ်ခါက ကြံဖိုရွာရှိ သူ၏နေအိမ်တွင် သူခိုးတက်လာစဉ် အဘပြော့ကား အိပ်ရာမှ နိုးပါလျက် အဘပြော့က သူခိုး ရှက်ကြောက်သွားမည်စိုးသောကြောင့် အသာ အိပ်ချင်ယောင်ဆောင်ကာနေခဲ့ကြောင်းကို သိရသည်။

အဘပြော့၏ ရုပ်သည် အင်မတန် အေးချမ်းတည်ငြိမ်လှပါပေ၏။ စိတ်လက် မချမ်းသာသူများအဖို့ အဘပြော့မျက်နှာကို ဖူးမြင်ရပါက တစ်ခဏအတွင်းပင် စိတ်ချမ်းသာမှုကို ရယူနိုင်စေခဲ့ပါသည်။ အဘပြော့က သူ၏ အတွင်းရေး တရားရေးနှင့် မင်္ဂဖိုလ်အဆင့်အတန်းကို တစ်ခါမှပင် ပါးစပ်မဟခဲ့ချေ။ သို့ရာတွင် အတွေ့အကြုံရှိကြသော ပါရမီရှင်များက အဘပြော့အား 'သောတာပန်ကြီး'ဟူ၍ သမုတ်ကြသည်။ အဘပြော့ကို ဘယ်အခါပဲဖြစ်ဖြစ် စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းကို အလျှင်းမတွေ့ရပေ။ သူ့ကို စိတ်ဆိုးအောင် ဘယ်လောက်စစ၊ ဘယ်လောက်ပြောပြော တည်ငြိမ်အေးချမ်းသော မျက်နှာဖြင့်သာ၊ ယထာဘူတကျသော တရားစကားဖြင့်သာ အဖြေပေးလေ့ရှိသည်။

အဘပြော့သည် ရှေးဖြစ်နောက်ဖြစ် ကိစ္စများကို အင်မတန် သိမြင်ခွင့်ရှိသော ပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း ဘယ်သူ့ကိုမှ ဖွင့်ဟ၍မပြော၊ သူပြုပြင်စရာကိစ္စတွေ သူကိုယ်တိုင် ပြုပြင်လုပ်ကိုင်သွားလေ့ရှိသည်။

တချို့သော ပါရမီရှင်များက အဘပြော့ကို မည်သည့်ဆုတောင်းသလဲ မေးမြန်းကြရာ....

"နိဗ္ဗာန်ရောက်ဖို့ အရေးကြီးတယ်၊ ဒါကြောင့်လည်း ဖြစ်တဲ့နည်းနဲ့ နိဗ္ဗာန်ကို ရောက်အောင် ကြိုးစားအားထုတ်တယ်၊ ကျုပ်အနေနဲ့ကတော့ နိဗ္ဗာန်ကို အမြန်ဆုံး ရောက်ချင်တာ တစ်ခုပဲရှိတယ်။ ဒီပြင် ဘာမှမဖြစ်ချင်ဘူး၊ သံသရာကို သိပ်ကြောက်တယ်"

ခပ်ရှင်းရှင်းနှင့် ခပ်တိုတို ဖြေကြားလေ့ရှိသည်။ အဘပြော့၏ဇနီး အရီးဒေါ်ငွေတင်ကား အဘပြော့၏ ပါရမီကိုဖြည့်လျက် သားများသမီးများကို လယ်ယာများ လွှဲအပ်ကာ

mgyoe.com

mgyoe.com

မိဘဝတ္တရားအတိုင်း ပြောဆိုဆုံးမသွန်သင်လျက် ရှိပါသည်။

ကျွန်တော်တို့သည် ပြာလဲ့လဲ့ တောင်တန်းပေါ်၌ ရွှေရောင်တဝင်းဝင်းနှင့် စမတောင်စေတီတော်၊ ထုံးဖွေးဖွေးနှင့် တန်ဆောင်းရှည်ကြီး၊ ကမ္မဋ္ဌာန်းကျောင်းများ၏ ကြည်ညိုစရာ မြင်ကွင်းကို မျှော်၍ကြည့်ရင်း ခရီးဆက်ကြသည်။

မိုင်ဝက်ခန့် အရောက်တွင် လယ်ကွင်းထဲ၌ သွပ်မိုးဇရပ်ကလေးနှင့် ရေတွင်းတစ်တွင်းကို တွေ့ရှိရပေ၏။ ထိုနေရာကား စမတောင်၏ တံခါးဝင်ဝ ဖြစ်ပါသည်။

ပါရမီရှင် ယောကျ်ားမိန်းမတိုင်း၏ ဝေယျာဝစ္စကုသိုလ်ယူရာ တောင်ပေါ်သို့ ရေထမ်း၍ ရေလှူရာရေခပ်သည့် ရေတွင်းပင် ဖြစ်ပါသည်။

ခရီးဝေးမှ ခြေကျင်လာရောက်ကြသည့် ဘုရားဖူးများ၊ ပါရမီရှင်များအဖို့ ဤဇရပ်၌ ခေတ္တပစ္စည်းများ ချကာ ရေမိုးချိုးကြပြီးမှ ကိုယ်လက်သန့်စင်မှပင် စမတောင်တော်သို့ တက်ရောက်ကြသည်။ ဝါးလုံးတန်းများအောက်သို့ လှည်းဖြုတ်၍ မောင်းနှင်ပြီးနောက် စမတောင်၏ စောင်းတန်းထိပ်ဝသို့ လှည်းနှစ်စီးယှဉ်ကပ်မိကြသည်။

ဤမုခ်ဝမှစ၍ ရှေ့အဖို့ စိတ်ဓာတ်တစ်မျိုး ထားကာ ကိုယ်ရောစိတ်ပါ ဆန့်ကျင်အောင် ပြုလုပ်ရပေလိမ့်မည်။

ပေးခြင်း၊ တောင်းခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်း အစရှိသည့် လောဘ၊ မောဟ အတော်တပ်ထားသည့် စီးပွားရေးလုပ်ငန်းမှန်သမျှ ဤမုခ်ဝအပြင်ဘက်၌ ကျန်ရစ်ခဲ့သလို ဤအဆိုးတရားသုံးပါးသည် ဓမ္မဝိဇ္ဇာမြို့တော် စခန်းနယ်မြေ၌ ကင်းဝေးခဲ့စေ၏။

'မပေး၊ မတောင်း၊ မရောင်း၊ မဝယ်' ဤစကားလေးရပ်ကား ဝိသုဒ္ဓိနတ်မြို့တော်၏ စကားလေးလုံး ဖြစ်ခဲ့သလို လောဘ၊ ဒေါသ၊ မောဟ အကြောင်းတို့ တရားသုံးပါးလည်း အကျင့် မရှိခဲ့စေ၏။ စာဖတ်ပရိသတ်ထဲမှ အတော် ပါရမီရင့်သန်သော၊ ဗဟုသုတ ပြည့်စုံသော ပုဂ္ဂိုလ်များသည် ဝိသုဒ္ဓိနတ်မြို့တော် အကြောင်းနှင့် အကျိုးတရား သုံးပါးတက်ပြီး ပဉ္စသီလ (ငါးပါးသီလ) လုံခြုံကြောင်းကို ကြားဖူးပေလိမ့်မည်။

စမတောင်ကား ဤနည်းသဘောအတိုင်း ပေါင်းသင်းဆက်ဆံရေးမှစ၍ ပါရမီရှင် အချင်းချင်း ဆက်ဆံရေးတို့သည် ရပေ၏။ စမတောင်ပေါ်၌ တစ်ဦးကတစ်ဦးကို လောကီ စီးပွားရေးတစ်ခုခု ဂုဏ်ပကာသန၊ မျက်နှာကြီးငယ်တို့ကိုကြည့်၍ လိုက်၍ပေးခြင်း၊ လာဘ်ထိုးခြင်းလုပ်ငန်း မရှိချေ။ လှူဒါန်းခြင်း၊ ဒါနဆက်ခြင်းအလုပ်သာ ရှိပေ၏။

ပါရမီရှင်တစ်ဦးကလည်း လိုအပ်သော ဆေးလိပ်မီးခြစ်မှစ၍ ဆေးဝါး ပစ္စည်းများကို တောင်းခြင်း မရှိချေ၊ သဒ္ဓါအလျောက် စေတနာကိုကြည့်၍ အလှူခံခြင်း သဘောသာ ရှိခဲ့

mgyoe.com

mgyoe.com
ပေ၏။ ရောင်းဝယ်ခြင်း စကားသည် စမတောင်တော်ပေါ်၌ ဆိတ်သုဉ်းနေပါသည်။ ပြောဆိုလုပ်ကိုင် လှုဒါန်းခြင်းတို့၌ သန့်စင်သော၊ ပရိသတ်မပါသော၊ လောကီအကျိုး မရှောင်သော 'သဒ္ဓါ'လုပ်ငန်းစဉ်သာ ရှိခဲ့ပေ၏။

"ဘယ်အရာရှိကြီးက ဘယ်ကို ဘုရားဖူးလာ၍ မျက်နှာချင်း တန်းမိအောင်၊ ခင်မင်ရင်းနှီးလာအောင်'အစချီကာ မှုမမှန်သည့် အကြောင်းတရားတွေကို စမတောင်တော်ပေါ်၌ မရှိပေ။ သမထ ဝိပဿနာ ထွက်ရပ်လမ်းစသည် ရည်ရွယ်ချက်များနှင့်သာ ပရိသတ်မစဲ တဖွဲဖွဲ လာကြသည့် ပါရမီရှင်များသာ ရှိပါပေ၏။

စမတောင်တော်ကို ရောက်ရှိရန် အခြေခံပါရမီ ရှိရပေမည်။ ပါရမီမရှိလျှင် ရောက်ဖို့ပင် စိတ်မကူးနိုင်ချေ။ ရပ်နီးက ရွာသားတော်တော်များများပင် စမတောင် မရောက်ခဲ့ဖူးသူများလည်း ရှိနေပေ၏။ သူ့ပါရမီ၊ သူ့ဘဝဆက်၊ သူ၏ အချိန်အခါမကျဘဲ စမတောင်သို့ မရောက်နိုင်သည်မှာ ယုံမှားသံသယ ရှင်းနေစေ၏။

စမတောင်တော်တွင် လောကီဆန်လှသော လူများအနေနှင့် ပျော်ရွှင်မှု ကင်းနေသော အတီးအရိုက် တူရိယာသံ ကင်းဝေးနေသလို အင်မတန် ဝမ်းနည်းစရာ ဖြစ်တတ်သည့် သူတော်ကောင်းများ မှိုခိုရာနေရာကောင်း၊ ချောင်ကောင်းတို့တွင် ဖြစ်ပျက်လေ့ရှိသည့် သမီးရည်းစားထားခြင်း၊ ကလေးများလည်း လုံးဝ ကင်းစင်နေပါသည်။

ထို့အပြင် အခြားအခြားသော သာသနာရေးဌာနများ၊ ဘုရားများ၌ ခပ်ပျော်ပျော်ပျော်ပွဲစားထွက်စဉ် ကိုယ့်အုပ်စုနှင့် ချိုင့်ကြီးချိုင့်ငယ်များနှင့် အသားစုံထည့်ကာ တစ်ချိတစ်ချိ ပုလင်းနှင့် ဖန်ခွက်ပါ ယူလာသည့် မြို့ကြီးသားတို့၏ဓလေ့ဆိုးလည်း လက်မခံချေ။ ပိုကာဒေါင်းခြင်း၊ ဂီတာတီးခြင်း၊ ဟိုအဖွဲ့၊ ဒီအဖွဲ့က လုံမငယ်များနှင့် လုလင်ပျိုများ ညှုခြင်း၊ မျက်စိကစားခြင်း၊ စောင်းမြောင်း၍သီချင်းဆိုသော ဓလေ့ထုံးများလည်း စမတောင်၌ မတွေ့ရချေ။ အဆိုးဝါးဆုံးအချက်မှာ အသားစားခြင်း ဖြစ်ပါသည်။

စမတောင်တော်ပေါ်၌ အသားနှင့် ထမင်းဟင်းများကို လုံးဝလက်မခံပါ။ အဖေလူ အစရှိသော တာဝန်ခံများက အတင်းအကြပ်တားမြစ်ခြင်း မဟုတ်သော်လည်း အသားဟင်းများနှင့် ဘုရားဖူးလာသူများသည် စမတောင်တော် တောထဲ၌ တရစ်ဝဲဝဲ ရွှေရောင်ဝင်းဝင်းထုံးဖွေးဖွေးနှင့် တောင်တန်းများကို နီးကပ်လျက် မမြင်တွေ့ရဘဲ မျက်စိလည်သော ထူးဆန်းလှသည့် အဖြစ်အပျက်တွေကို မကြာခဏ ကျွန်တော်ကိုယ်တိုင် မြင်တွေ့ရပေ၏။

ကျွန်တော်တို့ ရန်ကုန်မှ ပါရမီရှင်တစ်စု ကိုယ့်အထုပ်ကိုယ်ထမ်းပြီး ခပ်မော့မော့တောင်တန်းအရှည်ကြီးအတိုင်း စမတောင်ပေါ်သို့ တက်ရောက်ခဲ့ကြလေသည်။ ပထမ၊
mgyoe.com

mgyoe.com

ဒုတိယ၊ တတိယစောင်းတန်း သုံးတန်းအနက် ဒုတိယ စောင်းတန်းအဆုံးတွင် စမတောင်မြောက်ပိုင်း သုဓမ္မာဇရပ်ကြီးခြေရင်းရှိ ထမင်းစားဇရပ်ပေါ်သို့ ကျွန်တော်တို့ အထုပ်အပိုးတွေ ချလိုက်ရပေ၏။ တောင်မှာ အတော်ကလေး မြင့်မားနေသည့်အတွက် ကျွန်တော်တို့လူစု အနည်းငယ် မောနေကြပါသည်။

ထို့နောက် လူစုံသည့်ကာလဝယ် စမတောင်တော်ပိုင်း စမတောင်စေတီ ငါးဆူရှိရာသို့ သွားရောက်၍ ကန်တော့ဝတ်ဖြည့်လိုက်ကြသည်။ စေတီတော်၏ အနောက်ဘက်ခြမ်း၌ ရှိသည့် အဖေနွဲ့ 'လေးကြိုးကိုင်ဆရာတော်' ကျောင်းပေါ်သို့တက်ကာ ကွယ်လွန်ခဲ့သည့် အဖေနွဲ့အား ဝတ်ပြုရပါသည်။

ထို့နောက် ဘုရား၏ အရှေ့ဘက်ခြမ်း၌ အစီအရီ ဆောက်လုပ်ထားကြသည့် မဟိဒ္ဓိ ဆရာတော်များ၏ 'ကွန်းထောက်နန်း'ကိုလည်းကောင်း၊ သူရဿတီမယ်တော်ကြီး၏ ဗိမာန်ကိုလည်းကောင်း၊ သိကြားမင်းနှင့် နတ်ကြီးလေးပါးတို့၏ သာသနာ ငါးထောင် နန်းနှင့်တကွ တောင်ပိုင်ကြီးတို့ကို အစဉ်လိုက်သွားရောက်၍ ကန်တော့ဝတ်ပြုလိုက်ကြပါသည်။

မဟိဒ္ဓိဘိုးတော်ကြီးမှစ၍ သူရဿတီမယ်တော်ကြီး၊ သိကြားမင်းနှင့် နတ်ကြီးလေးပါးတို့၊ တောင်ပိုင်ဘိုးတော်ကြီးတို့မှာ ကျွန်တော်တို့ထက် အသက်အရွယ်ကြီးမားမှု၊ သမာဓိ အရာ၌ကြီးမားမှုနှင့် ထိုပုဂ္ဂိုလ်ကြီးများစွာ ရှိနေသည့်အတွက် သီလဂုဏ်၊ သမာဓိဂုဏ်အရာ၌ ကြီးမားနေခြင်းတို့ကြောင့် ကျွန်တော်တို့အားလုံးကမက ငါးမာန်သိက္ခာ ရှိခိုးကန်တော့ ကြခြင်း ဖြစ်ပါသည်။

ထို့နောက် စမတောင်မြောက်ဘက်ခြမ်းရှိ အဖေလူနှင့် ဘုန်းတော်ကြီးများ ရှိရာသို့ သွားရောက်၍ ကန်တော့လိုက်ကြပြန်၏။ အဖေလူ၊ ပျဉ်းမနားမှ သခင်မြကြီး၊ ကိုမင်းထူး၊ ကိုအောင်သန်း၊ ဦးထွန်းစိန်အစရှိသည့် ရဲဘော်ဟောင်းများကို တပျော်တပါး တွေ့လိုက်ရပေ၏။ သူတို့သည် ကျွန်တော်တို့ အရင်ကြို၍ ရောက်နှင့်နေကြခြင်းပင်။ ခပ်ပိန်ပိန်ခေါင်းတုံးနှင့် ပင်နီအင်္ကျီကို ဝတ်ထားပြီး ခါးတွင်ချည်လုံချည်အဟောင်း တစ်ထည်ဝတ်လျက် ပကတိ တည်ငြိမ်သော မျက်နှာဖြင့် ထိုင်နေသော အသက်ခြောက်ဆယ်ကျော်ခန့်ရှိ အဖေလူအား ကျွန်တော်က ဦးဆောင်၍ ရန်ကုန်မှ ရောက်ရှိလာသည့် ပါရမီရှင်များကို ဝတ်ပြုကန်တော့ ခိုင်းလိုက်ကြသည်။

ကန်တော့ပြီးနောက် ကျွန်တော်သည် အဖေလူအား....

"အဘ ကျွန်တော်တို့ ချိန်းဆိုထားတဲ့ရက်အတိုင်း ရောက်လာကြပါပြီ"

mgyoe.com

mgyoe.com

အစီရင်ခံရာ အဖေလူသည် ကျွန်တော်တို့ကို စိုက်ကြည့်၍နေရာမှ...

"အေး ချိန်းထားတဲ့ ရက်အတိုင်းကို မပျက်မကွက်တမ်း ရောက်တာ ကောင်းတယ်။ ကတိသစ္စာတည်ခြင်း ဖြစ်တယ်"

ချီးမွမ်းလိုက်ပြီး 'ကိုယ်လုပ်စရာလုပ်ငန်းတွေ လုပ်ကြကိုင်ကြ၊ မဟာသိမ်တော်ကြီး လုပ်ငန်းတွေလည်း ဝင်လုပ်ကိုင်လိုက်ကြ' တာဝန်များ ပေးအပ်ပါသည်။

အဖေလူသည် ၃၁ ဘုံ ဆရာကြီးအဖေနွံ့၏ လုပ်ငန်းစဉ်အားလုံးကို လွှဲအပ်ခြင်း ခံရသော ဆရာကြီးပင် ဖြစ်ပါသည်။ အမေကြင်လည်း ကျွန်တော်တို့အားလုံး၏ စားသောက်ရေးအတွက် စမတောင် ရိက္ခာဌာနတွင် စီစဉ်နေပါသည်။

အဖေလူ၏ကျေးဇူးကား ကြီးမားလှပါပေသည်။ ကောင်းစွာ မှတ်မိသေးသည်။ ကျွန်တော့်အနေနှင့် မှတ်တမ်းတွင် ကောင်းစွာအမှတ်တရ ရေးမှတ်ထားခဲ့သည်။ အတိတ်ဖြစ်ရပ်ကို ပြန်သတိရသည်။ ထိုအချိန်က ဖ– ဆ–ပ–လ နှစ်ခြမ်းကွဲပြီး အိမ်စောင့်အစိုးရ တက်ခါစအချိန် ဖြစ်ပါသည်။ ဝါဆိုလပွဲတော်အတွက် ကျွန်တော်က ခေါင်းဆောင်ပြီး ဗိုလ်သန်းမြင့်(ပထစ စည်းရုံးရေးမှူး)၊ ကိုကျော်(ပထစစည်းရုံးရေးမှူး)၊ ကိုမင်းသူ၊ ကိုအောင်သန်း အစရှိသည့် ပါရမီရှင်များသည် စမတောင်ပေါ်သို့ တက်ရောက်၍ ဥပုသ်စောင့်သောလုပ်ငန်း လုပ်ခဲ့ကြသည်။ တစ်ညနေ၌ အဖေလူသည် ကျွန်တော်တို့ကို မြောက်ဘက်တွင် စုရုံးစေပြီး...

"ခင်ဗျားတို့ ရေငန်ပိုင်းကလူတွေ အလုပ်ရှိတယ်၊ အောက်ဗမာပြည်မှာ ရောဂါဘယတွေ ထူလိမ့်မယ်၊ လူတွေအတော်များများ သေကျေပျက်စီးဖို့ မြင်တယ်။ ဝမ်းရောဂါဆိုက်လိမ့်မယ်။ ဒါကြောင့် ဘုရားရဲ့ တောင်ဘက်မုခ်က တတ်နိုင်သမျှ ဓာတ်ချေပါ။ ယတြာချေပေးကြပါ၊ ကျွန်ုပ်တို့ ဓမ္မဝိဇ္ဇာ လုပ်ငန်းစဉ်က သတ္တဝါတွေရဲ့ အသက်ဘေးအန္တရာယ်ကို တတ်နိုင်သမျှ တားဆီးကာကွယ် စောင့်ရှောက်ဖို့ ဝတ္တရား ရှိနေတယ်..."

ပြောကြားလိုက်ရာ ကျွန်တော်တို့လူစုသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့သြနေကြပါသည်။ ထိုအချိန်အခါက ရန်ကုန်မြို့မှစပြီး အောက်ဗမာပြည် တစ်ပြည်လုံး ရောဂါနှင့် ပတ်သက်၍ ဘာသံဘာသတင်းဆိုးမှ မကြားရသေးချေ။

အဖေလူက ဆက်လက်၍....

"တောင်ဘက်မုခ်ဝမှာ သပြေပန်းနှင့် ရေချမ်းအိုးလှူ၊ သက်ကယ်မြစ်ကို စိုက်ကြပါ၊ ဆန်တွေ စပါးတွေ ကြဲပေးပြီး ရိက္ခာဆက်ကြ" မှာကြားခဲ့သည်။ ကျွန်တော်အပါအဝင် ပုဂ္ဂိုလ်များသည် စိတ်ထဲ၌ ဇဝေဇဝါဖြစ်လျက် အဖေလူ၏အမိန့်ကို မလွန်ဆန်ဝံ့ကြသူ
mgyoe.com

mgyoe.com

များပိပိ ယတြာချေသည့် လုပ်ငန်းကို လုပ်ကိုင်ရင်း...

"ပြောတော့ ကြိုတင်ပြောပြီဗျို့၊ ဟုတ်မဟုတ် နေ့စဉ်မှတ်တမ်းမှာ မှတ်ကြရအောင်၊ နောက်တစ်နေ့ဆိုရင် အဖြေမှန်ပေါ်မှာပဲ"ဟူ၍ ဝေဖန်ကြသည်။

သတ္တဝါတို့၏ အသက်ဘေးအန္တရာယ်ကို တစ်နှစ်ကျော်ကာလမှ စတင်၍ သတိပေး ဟောကိန်းထုတ်ခဲ့သည်ကို ကျွန်တော်နှင့် ဗိုလ်သန်းမြင့်တို့လူစုသည် နောက်တစ်နှစ် ကာလဝယ် အဖေလူ၏ဟောကိန်းမှာ ကြောက်စရာကောင်းအောင် မှန်ခဲ့သည်ကို တွေ့ရ ပေ၏။

ထိုအချိန်က အောက်ဗမာပြည် တစ်ပြည်လုံး ဝမ်းရောဂါ ဖြစ်ခဲ့ကြသည်။ မကြာခဏ ဝမ်းရောဂါ ကာကွယ်ဆေးတွေ ထိုးနေရပေ၏။ ရန်ကုန်မြို့၌လည်း ဝမ်းရောဂါ ဖြစ်ခဲ့ပြီး အောက်ဗမာပြည်သာမက အထက်ဗမာပြည် အချို့သော ဒေသများသို့ပင် ဝမ်းရောဂါများ ပျံ့နှံ့သွားသည်အထိ ဗမာပြည်လူထု ခံစားလိုက်ရပေ၏။

အဖေနွံ့၊ အဖေလူကဲ့သို့ နေမြင်လမြင်ပုဂ္ဂိုလ်၊ အသိဉာဏ်ခြောက်ပါးရှိသော ပုဂ္ဂိုလ် တို့အား ကျွန်တော်တို့ ပါရမီရှင်များအနေနှင့် ကန်တော့ဖူးမြော်ရခြင်းမှာ တန်ဖိုးမဖြတ် နိုင်လောက်အောင် ကြီးမားလှပေ၏တကား။

အဖေနွံ့၊ အဖေလူတို့ ဦးဆောင်အုပ်ချုပ်သည့် စမတောင်နယ်မြေ သို့မဟုတ် ဓမ္မဝိဇ္ဇာတို့၏ အောင်မြေဌာနဌ်သာ နေမှုစားမှုတွေသည် အင်မတန် စည်းကမ်းကြီးလှပေ သည်။ စမတောင်တော်သို့ လာသမျှပရိသတ်တို့အား စမတောင် စားဖိုချောင်ဌာနကပင် တာဝန်ယူ၍ တစ်အိုးစားအနေဖြင့် ကျွေးမွေးသည်။ သက်သတ်လွတ် ကျွေးမွေးပြီး ပထမ ရောက်သည့်ဧည့်သည် ထမင်းကျွေးသည်။ နောက်မှရောက်လာသည့် ရာထူးဂုဏ်ဒြပ် မည်မျှကြီးမားသူလာလည်း အစဉ်အလိုက် နောက်မှစားသောက်ရသည်။ စမတောင်၌ ဓနဂုဏ် အဆင့်အတန်း ခွဲခြားမှု မရှိပါ၊ ကြွရောက်လာသူ မှန်သမျှအားလုံး တစ်စိတ်တည်း တစ်သဘောတည်းထားပြီး ကျွေးမွေးဆက်ဆံသည်။ မည်သူ့ကိုမျှ ဟင်းတစ်ခွက် အရံပို၍ ကျွေးခြင်းမရှိသော အခွင့်အရေးနှင့် ကျွေးမွေးပြုစုသည်။ စမတောင်တော်ပေါ်၌ ဇရပ်ကြီးများ၊ ကမ္မဋ္ဌာန်းကျောင်းများ များစွာ ရှိပါသည်။ ပွဲတော်ရက်၊ လုပ်ငန်းရက်များအတွင်း၌ တကယ် အလုပ်လုပ်ကြမည့် ပါရမီရှင်များမှာ အထက်မှအောက်အရပ် ဒေသတွေက တဖွဲဖွဲ လာ ရောက်ကြသည်။ အရင်ရောက်နှင့်သူက ကြိုက်ရာနေရာနှင့် သင့်ရာနေရာရွေးပြီး စခန်းပြုကြ ၏။ နောက်ရောက်လာသူများသည် နေရာမရှိလျှင် ဖြစ်သလို ကြံဖန်၍ နေရာယူရသည်။ နေရာကို ကြိုတင်ဦးထားခြင်းလည်း မရှိချေ။ ရန်ကုန်ရွှေမြို့တော် တန်ခိုးကြီးဘုရားတွေ၌

mgyoe.com

mgyoe.com
'ကိုယ်ပိုင်ဇရပ်'တွေလိုတော့ ခင်းထားခြင်းလည်း မရှိရချေ။ မည်မျှ ရာထူးဂုဏ်ဒြပ်ကြီးကြီး နောက်ကျမှရောက်လာလျှင် ဖြစ်သလိုနေရသည်။ အရင်ရောက်သောသူနေရာကို မဖယ်နိုင်းရ။

စမတောင်သို့ ရောက်လာသူများအား မည်သည့်ပစ္စည်းလှူပါ၊ ငွေဘယ်လောက်ယူလာ စသည်ဖြင့် လှူရန် မတိုက်တွန်းရပါ။ ကိုယ့်သဘော၊ ကိုယ့်မနောဆန္ဒရှိမှ၊ ပေါ်မှလှူချင်သလောက် လှူကြပါသည်။ ထို့ပြင် ရောက်လာသည့် ပါရမီရှင်များအား ဘယ်တရားအားထုတ်ပါဟူ၍ ကြိုတင်မတိုက်တွန်းရ၊ သမထဝိပဿနာကို ကိုယ့်စိတ်သဘောကျရာ၌ လုပ်ကိုင်နိုင်သည်။ မတတ်၍ နည်းနာပြပေးပါဟူ၍ လာရောက်တောင်းပန်လျှင် ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်တို့က ဂရုတစိုက် ညွှန်ကြားပေးသည်။

အံ့သြစရာကောင်းလောက်သော အချက်တစ်ချက်မှာ စမတောင်ပေါ်၌ မည်သည့်အဖိုးတန်ပစ္စည်းများမှ မပျောက်မရှခြင်းဖြစ်ပါသည်။ ကမ္ဗဋ္ဌာန်းကျောင်းတွေကို တံခါးမပိတ်ဘဲ ဒီအတိုင်းထားပြီး အဓိဋ္ဌာန်ဝင်ကြသည်။ လမ်းပေါ်ရှိ မတော်တဆ သတိမေ့ကာကျကျန်ခဲ့သည့် ပစ္စည်းမှန်သမျှကို တွေ့ရှိသည့် ပါရမီရှင်က ယူငင်၍ လူပေါင်းစုံရာစားဖိုချောင်အနီးရှိ လူမြင်ကွင်း၌ တိုင်တွင်ချိတ်ဆွဲ၍ တွေ့ရှိသည့်ပစ္စည်းကိုလာယူရန် 'ဗျို့ဟစ် ကြေညာ'ပေးသည်။

ဤအကျင့်ကောင်းချက်ကို စမတောင်သို့ ရောက်ခဲ့ဖူးသည့် စာရေးဆရာ စံထွန်းအောင်သည် များစွာနှစ်ခြိုက်၍ ကြည်နူးမိပါကြောင်း ပြောသွားခဲ့သည်။ စမတောင်ပေါ်၌ ပါရမီရှင်အချင်းချင်း ဆက်ဆံရာ၌ ပကတိသဘောအတိုင်း ပရိယာယ်မပါတမ်း ဟန်ပန်မသုံးတမ်း ဆက်ဆံကြသည်။ တစ်ယောက်က ပစ္စည်းတစ်ခုခု လိုချင်သူရှိက လက်မနှေးတမ်း လှူဒါန်းထောက်ပံ့ကြသည်။

နံနက်ပိုင်းတွင် ဝေယျာဝစ္စ ကုသိုလ်လုပ်သူတွေ များပြားလှ၏။ ကိုယ်တိုင်ရေထမ်း၍ မီးဖိုချောင်သုံးဖို့ရေ၊ ဘုရားရေ၊ ဘုန်းတော်ကြီးများ သုံးရန် ရေထမ်းများလှူကြ၏။ မဟာသိမ်တော်ကြီး ဆောက်လုပ်ရာ၌ မြေညှိသူ၊ အုတ်သယ်သူ၊ သဲထမ်းသူများစွာရှိသည်။ ခြောက်နှစ်၊ လေးနှစ်နှင့် ကလေးငယ်များပင် အုတ်တစ်ခဲ သဲတစ်ပွေ့ ပါဝင်လှူကြသည်။ မည်သူမျှခိုင်းစေခြင်းမဟုတ်၊ သဒ္ဓါနှင့်စေတနာ အရင်းခံလှူခြင်းဖြစ်သည်။ ဤသို့ဖြင့် ငွေကြေးပြားတစ်ချပ် အဖိုးအခ မပေးရစတမ်း စမတောင်စေတီတော် မဟာရံတံတိုင်းကြီးများ၊ တန်ဆောင်းတက်လမ်းများသည် ပါရမီရှင်များ၏ သဒ္ဓါစေတနာဖြင့် ပြီးစီးအောင်မြင်ခဲ့လေသည်။

mgyoe.com

mgyoe.com

စမတောင် နှစ်စထောင်သော လုပ်ငန်းစဉ်များ ရှိနေပါသည်။ လောကုတ္တရာ နိဗ္ဗာန်ကို တောက်လျှောက် ကြိုက်နေသူက လောကုတ္တရာလုပ်ငန်းစဉ်ကို ဖောက်ချ၍ လုပ်ကိုင်နိုင်သလို ဝိဇ္ဇာစခန်း၊ ဂန္ဓာရီစခန်း ကြိုက်သူတွေကလည်း သမထလုပ်ငန်း၊ ပုတီးစိပ်လုပ်ငန်းတွေကို ဖောက်ချ၍ လုပ်နေကြသည်။

စမတောင်၏ ဘေးပတ်လည်၌မူကား ညို့ညို့မှိုင်းမှိုင်းနှင့် တောင်ငါးလုံး ပတ်ရံကာ ဆည်းနေပါတော့သည်။ စမတောင်နှင့် တောင်ငါးလုံးကြား၌ တသွင်သွင် စီးဆင်းနေသော စမ်းရေများက မြောင်းရစ်ခွေကာ ခြားနေပါသည်။

ဘေးဥပါဒ် အန္တရာယ်အပေါင်းမှ ကင်းလွတ်ထားသည့် ကျေးငှက်များ၊ တောကြောင်၊ ဂျိုင်ယ်များ မကြာခဏ သဘာဝအားဖြင့် တွန်ကြူးမြူးသံများကို စမတောင်၏ ကြေးစည် ခေါင်းလောင်းသံများ အကြား၌ ရံဖန်ရံခါ ပေါ်ထွက်လာပါတော့သည်။

* * *

ကျွန်တော်တို့ ရန်ကုန်မှ ပါရမီရှင်များသည် အဖေလူအား မသိမရှင်းသော ကိစ္စများကို မေးမြန်းနေပါသည်။

"စမတောင်ကို တချို့က ရက်ကန်းစင်တောင်လို့ ခေါ်ကြတာ ဘယ်လို အဓိပ္ပာယ်ရှိပါ သလဲ အဘ"

ပါရမီရှင်တစ်ဦးက မေးမြန်းလိုက်ရာ အဘလူသည်....

"ခင်ဗျားတို့ မေးလာလို့ရှိမှ ကျုပ်က ဖြေခွင့်ပြောခွင့် ရှိတာကလား။ ကျုပ်ကို ဆရာကြီး မထွက်ခင်မှာ ကျုပ်နှုတ်ပိတ်ပေးခဲ့တယ်၊ မေးမှပြော ခေါ်မှထူး အရူးလိုနေရမယ်တဲ့"

ပြောကြားလိုက်ပြီး....

"ခု ခင်ဗျားတို့ ရောက်နေတဲ့ တောင်ရဲ့မြေမျက်နှာကို ကြည့်ပါလား၊ ရက်ကန်းစင်ကြီးနဲ့ တူမတူ မြင်ပါလိမ့်မယ်။ ပြီးတော့ ဒီနေရာက မူလပထမ ရက်ကန်းစင်တောင် ဖြစ်ပါတယ်။ ဆရာကြီးတွေ၊ မဟိဒ္ဓိရှင်တွေက မှန်ကန်ကြောင်းလည်း တညီတညာတည်း လက်ခံ အသိအမှတ်ပြုပြီး မကြာခဏ ဒီတောင်ပေါ်မှာ တွေ့ဆုံပြီး ညီလာခံတဲ့ နေရာ အစစ်ပဲ။ ဒီတောင်ဟာ ငါးမည်ရတောင်တော် ဖြစ်ပါတယ်။ ဘိုးဦးတောင်၊ ဘိုးဝန်တောင်၊ စမတောင်၊ ရက်ကန်းစင်တောင်၊ ဘုရားတောင်ဆိုတဲ့ နာမည်ငါးမျိုးရတဲ့ အထွဋ်အမြတ် ဒေသဖြစ်ပါတယ်"

mgyoe.com